# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၄၆)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ ၇-၈-၂၀၂၄၊ ဗုဒ္ဓဟူးနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာ သည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဝါအထွက်နှုန်းတိုးတက်ရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

# ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းတစ်ခုအဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းဖြင့် တစ်ခေတ်ပြောင်းရန်လို

နေပြည်တော် ဩဂုတ် ၆

သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဝါအထွက်နှုန်းတိုးတက်ရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဆွေးနွေးသည်။

**တက်ရောက်**

ညှိနှိုင်းဆွေးနွေးပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဝါအထွက်နှုန်းတိုးတက်ရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားစဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၆

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

**မိုး/ဓလ**

## ယနေ့ ဖတ်စရာအညွှန်း


ကြည်လင်သောရေ စိမ်းလန်းစိုပြည်သော တောင်တန်းများ၏ လှပသော ဂေဟာစနစ်

စာမျက်နှာ ၈

သုတေသနစာတမ်းဖတ်ပွဲနှင့် ရွှေတံဆိပ်ဆုဆက်ကပ်ပွဲ(ဆောင်းပါး)

စာမျက်နှာ ၁၇

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၇ ရက်၊ ဗုဒ္ဓဟူးနေ့ ။

## ကောက်ရိုးမှ တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်နည်း သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိ

လယ်ယာလုပ်ငန်းခွင်မှ စွန့်ပစ်ပစ္စည်းများဖြစ်သည့် ကောက်ရိုးများကို တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နိုင်ရန်ရည်ရွယ်ပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ပူးပေါင်း၍ ကောက်ရိုးမှ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နည်း ဆရာဖြစ် သင်တန်းများဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

ကောက်ရိုးအား မီးမရှို့ဘဲ ကောက်ရိုးမှိုစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် တောင်သူများဝင်ငွေရရှိနိုင်ပြီး အိမ်ထောင်စုများအတွက် စားရေရိက္ခာနှင့် အာဟာရကို အထောက်အကူပြုနိုင်သည့်အပြင် မှိုစိုက်ပျိုးထုတ်လုပ်ခြင်းမှ ထွက်ရှိလာသည့် မြေဆွေးများကို သဘာဝမြေသြဇာအဖြစ် ဆက်လက် အသုံးပြုနိုင်ခြင်းကြောင့် ကောက်ရိုးကို အသုံးပြု၍ မှိုစိုက်ပျိုးရေးနည်းပညာကို တောင်သူများမျှဝေပေးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက မှိုခြံများနှင့် ကောက်ရိုးလက်တွေ့အသုံးချသုတေသနလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးဇီဝဥယျာဉ်သုတေသနဌာနစုတို့ပူးပေါင်းပြီး ယခုသင်တန်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းတွင် မှိုစိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သည့်ကုန်ကြမ်း၏ အရည်အသွေးကောင်းမွန်ရန် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ စိုက်ပျိုးထုတ်လုပ်မှုအဆင့်ဆင့်တွင် ပတ်ဝန်းကျင်ကို လိုအပ်သလို ပြုပြင်ထိန်းသိမ်းရခြင်း၊ အခြေခံအဆောက်အအုံများစီမံခြင်း၊ သိုလှောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးအပိုင်းတို့တွင် အဆင်ပြေစွာဆောင်ရွက်နိုင်ရေးတို့ကို စာတွေ့၊ လက်တွေ့မျှဝေပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဩဂုတ် ၅ရက် နံနက်ပိုင်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန Rice Bio-Park(စပါးဇီဝဥယျာဉ်) သင်တန်းခန်းမ၌ ကျင်းပသည့် ကောက်ရိုးမှ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်နည်း ဆရာဖြစ် သင်တန်း၌ ပြောကြားခဲ့သည်။

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ သင်တန်းသား၊ သင်တန်းသူ ၄၀ တို့တက်ရောက်လျက်ရှိပြီး သင်တန်းအား ဩဂုတ် ၅ ရက်မှ ၉ ရက်အထိ စာတွေ့၊ လက်တွေ့ ပို့ချပေးလျက်ရှိသည်။

သို့ဖြစ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ရေးနှင့် တောင်သူအပိုဝင်ငွေရရှိရေး ဆောင်ရွက်ပေးလျက်ရှိရာ သင်တန်းပြီးပါက ကောက်ရိုးမှိုစိုက်ပျိုးခြင်း၊ ကောက်ရိုးမှတန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ယူရီးယားဖြင့်ပြုပြင်၍ မွေးမြူရေးတိရစ္ဆာန်အစာအဖြစ် အသုံးပြုခြင်း၊ အာဟာရဖြည့်နွားစာထုံး ပြုလုပ်ခြင်း၊ သဘာဝမြေဆွေးပြုလုပ်ခြင်း၊ ကောက်ရိုးစက္ကူပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး၏ စီစဉ်ကြီးကြပ်မှုဖြင့် ၂၀၂၄ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး(ပညာ) ဦးအောင်ဆွေဦးက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ပြောကြားပြီး ပြည်ကြီးတံခွန်မြို့နယ် ပညာရေးမှူးက ကျပန်းစကားပြောပြိုင်ပွဲ ဆောင်ရွက်မည့်အစီအစဉ်နှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားကာ ကျပန်းစကားပြောပြိုင်ပွဲကို ဆက်လက် ယှဉ်ပြိုင်ခဲ့ကြသည်။



အဆိုပါ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် အဖြစ် "ယနေ့ လူငယ်နောင်ဝယ် လူကြီး၊ လူငယ်ဆိုသည်မှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်များကို ပျိုးထောင်စို့၊ အနာဂတ်၏ လူသားအရင်းအမြစ်များ၊ တိုင်းပြည်တစ်ခု၏ စွမ်းအားမှာတို့ လူငယ်များပါ" ခေါင်းစဉ်များဖြင့် ကျင်းပခဲ့ရာ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ၆ ဦး၊ အထက်တန်းအဆင့်စာစီစာကုံး ပြိုင်ပွဲတွင် ၁၇ဦး၊ အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ၁၆ ဦး မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

## ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲ အခမ်းအနား ကျင်းပ



**မန္တလေး ဩဂုတ် ၆**

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက အောင်မြေသာစံမြို့နယ်၊ မဟာဗေယျာဘုံရပ်ကွက်၊ သရက်ကုန်းကွက်သစ်ရှိ အလိုတော်ပြည့် ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်မြေသာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂) ဦးဇော်လင်းဦးက အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးအရာရှိ ဦးသိန်းလွင်က သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာများ အကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားပြီး အိမ်ထောင်စုဇယားနှင့် မှတ်ပုံတင်ကတ်မရှိသူများအတွက်ကိုလည်း လုပ်ဆောင်ပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက တက်ရောက်လာသူများအား ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာသိကောင်းစရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

အဆိုပါ ဟောပြောပွဲ အခမ်းအနားသို့ အောင်မြေသာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂)၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မဟာဗေယျာဘုံရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း(၈၀)ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၃၇)

၀-၀-၀-၀

၀-၀-၀-၀-၀

## အစိုးရနည်းပညာကောလိပ်(မန္တလေး)မိုးရာသီဘောလုံးအားကစားပြိုင်ပွဲ ဗထူးကွင်းတွင် ကျင်းပ

**မန္တလေး ဩဂုတ် ၆**

အစိုးရနည်းပညာကောလိပ် (မန္တလေး)မိုးရာသီဘောလုံး အားကစားပြိုင်ပွဲ ဘာသာရပ်အလိုက်အုပ်စုပတ်လည်ပြိုင်ပွဲများကို မန္တလေးမြို့ဗထူးအားကစားပြိုင်ကွင်းတွင် ကျင်းပလျက်ရှိရာ ယနေ့ညနေပြိုင်ပွဲတွင် MECH အသင်းက တတိယရရှိပြီး ယနေ့နံနက် ပွဲစဉ်တွင် နှစ်ဂိုးစီ သရေဖြစ်ခဲ့သည့် Civil အသင်းနှင့် EP အသင်းတို့က ဗိုလ်လုပွဲသို့ တက်ရောက်သွားကြောင်းနှင့် ဩဂုတ် ၇ရက် ညနေတွင် ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)(၀၄၀)**



# ဝါစိုက်ပျိုးမှုများကို ယခင်ကစိုက်ပျိုးခဲ့သည့် ဧက ၇ သိန်းခန့် ပြန်လည်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရမည်

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ အစည်းအဝေးများနှင့် တွေ့ဆုံပွဲများတွင် မကြာခဏ ထည့်သွင်း ပြောကြားလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ကုန်ထုတ်လုပ်မှုတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် အဓိကကျကြောင်း၊ အဓိကကျသည့် ကုန်ထုတ်လုပ်မှုများ အားကောင်းလာစေရေးအတွက် စိုက်ပျိုးရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဓိကစိုက်ပျိုးသီးနှံများဖြစ်သည့် စပါး၊ ပဲ၊ ဝါနှင့် ဆီထွက်သီးနှံများကို တိုးတက်အောင် စိုက်ပျိုးရမည်ဖြစ်ကြောင်း။

**စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရ**

ဆီထွက်သီးနှံနှင့် ပတ်သက်၍ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာနှင့် ဆီအုန်းများသည် မိမိတို့နိုင်ငံတွင် စိုက်ပျိုး ဖြစ်ထွန်းလျက်ရှိသော်လည်း စားသုံးဆီများကို ပြည်ပမှ နှစ်စဉ် တင်သွင်းနေရကြောင်း၊ မြေပဲနှင့် နှမ်းများကို ဆီအဖြစ် စားသုံးခြင်း၊ ပို့ကုန်များအဖြစ် ပြည်ပသို့တင်ပို့ခြင်းနှင့် မိရိုးဖလာ အစားအစာအဖြစ် အသုံးပြုခြင်းများရှိကြောင်း၊ အထွက်နှုန်းများမှာလည်း ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိခြင်းမရှိသောကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်များမှာ ပိုမိုများပြားလျက်ရှိနေကြောင်း၊ ဆီထုတ်လုပ်ရာတွင်လည်း ဆီကြိတ်စက်များ၏ အရည်အသွေး ကောင်းမွန်ရန်လည်း လိုအပ်ကြောင်း။

အလားတူ နေကြာသည်လည်း ဆီထွက်သီးနှံများတွင် တွက်ခြေကိုက်သည့် ဆီထွက်သီးနှံတစ်ခုဖြစ်သဖြင့် ပန်းတိုင်အထွက်နှုန်းအတိုင်း ထွက်ရှိစေရေး မျိုး၊ မြေ၊ ရေ၊ နည်း စသည့်လေးချက်နှင့် စနစ်တကျ ဆောင်ရွက်သွားရန်လိုပြီး စိုက်ပျိုးမှုများ တိုးတက်စေရေး စိုက်ပျိုးတောင်သူများကို အားပေးဆောင်ရွက်သွားရန် လိုကြောင်း၊ နေကြာကိုအမှန်တကယ် တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် များစွာ အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ နေကြာစိုက်ပျိုးမှုများကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးခြင်းနှင့် သီးထပ်စိုက်ပျိုးခြင်းကို ဆောင်ရွက်သွားရန် လိုကြောင်း၊ နေကြာမျိုးများ ရရှိရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆီထွက်သီးနှံများ ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုများ တိုးတက်လာမည် ဖြစ်ကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုနှင့် ပတ်သက်၍ အကြောင်းအမျိုးမျိုးကြောင့် အထွက်နှုန်းများနည်းပါးလျက်ရှိကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုမှ ထွက်ရှိသည့် ဆီကြမ်းများကို စက်မှုကုန်ကြမ်းအဖြစ်သုံးစွဲလျက်ရှိပြီး ဆီကြမ်းများမှ စားသုံးဆီချောထုတ်လုပ်နိုင်ရေး ဆွေးနွေးဆောင်ရွက်သွားရန် လိုကြောင်း၊ စိုက်ပျိုးရေးကို တစ်ဖက်တစ်လှမ်းမှ အထောက်အကူပြုသည့် ပျားမွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျ ဆောင်ရွက်နိုင်မည်ဆိုပါက ပျားရည်ထုတ်လုပ်ရေးတွင်လည်း များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ဝါစိုက်ပျိုးမှုနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ယခင်နှစ်က ဝါစိုက်ပျိုးဧက ငါးသိန်းခန့်ရှိခဲ့သော်လည်း အထွက်နှုန်းနည်းပါးခဲ့ကြောင်း၊ ဝါစိုက်ပျိုးမှုမှ ထွက်ရှိသည့် ဝါမှ ဝါဂွမ်း၊ လင်တာဂွမ်း (အမျှင်တို)နှင့် ဝါစေ့များထွက်ရှိလာမည်ဖြစ်ပြီး ဝါစေ့မှ ဝါစေ့ဆီနှင့် တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်ကြောင်း၊ ဝါဂွမ်းကိုလည်း ချည်မျှင်ရှည်ဝါများဖြင့် အဆင့်မြင့်ချည်များ ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ မိမိတို့နိုင်ငံသည် ဝါစိုက်ပျိုးသည့် အဓိကနိုင်ငံများထဲတွင်ပါဝင်ကြောင်း၊ ဝါစိုက်ပျိုးမှုသည် နိုင်ငံအတွက် ဝတ်ရေးကို များစွာ အထောက်အကူပြုစေကြောင်း၊ ဝါဂွမ်းမှ ချည်နှင့်ချည်ပိတ်များထုတ်လုပ်၍ ရောင်းချနိုင်မည်ဆိုပါက ဝင်ငွေများပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ချည်ထုတ်လုပ်မှုများ တိုးတက်စေရေးအတွက် စက်မှုလုပ်ငန်းများဖြင့် တိုးတက်အောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်းမှထွက်ရှိသည့် ဝါဖြင့် ချည်များကို အရည်အသွေး ကောင်းမွန်စွာဖြင့် ထုတ်လုပ်နိုင်ပါက ဝင်ငွေများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

**ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းတစ်ခုအဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းဖြင့် တစ်ခေတ်ပြောင်းရန်**လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာမည်ဖြစ်ပြီး ဝင်ငွေများလည်း ပိုမို တိုးတက်လာမည်ဖြစ်ကာ ဝါစိုက်တောင်သူများနှင့် ဝါနှင့်ပတ်သက်သည့် လုပ်ငန်းများ ဆောင်ရွက်နေသူများ၏ ဘဝများ တိုးတက်လာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ဝါစိုက်ပျိုးမှုများကို ယခင်ကစိုက်ပျိုးခဲ့သည့် ဧက ခုနစ်သိန်းခန့် ပြန်လည်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသူများအနေဖြင့် ဝါစိုက်ပျိုးမှု တိုးတက်ရေးနှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း။

> ☆ **မိမိတို့နိုင်ငံသည် ဝါစိုက်ပျိုးသည့် အဓိကနိုင်ငံများထဲတွင် ပါဝင်ကြောင်း၊ ဝါစိုက်ပျိုးမှုသည် နိုင်ငံအတွက် ဝတ်ရေးကို များစွာအထောက်အကူပြုစေကြောင်း၊ ဝါဂွမ်းမှ ချည်နှင့် ချည်ပိတ်များထုတ်လုပ်၍ ရောင်းချနိုင်မည်ဆိုပါက ဝင်ငွေများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ချည်ထုတ်လုပ်မှုများ တိုးတက်စေရေးအတွက် စက်မှုလုပ်ငန်းများဖြင့် တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်းမှထွက်ရှိသည့် ဝါဖြင့် ချည်များကို အရည်အသွေးကောင်းမွန်စွာဖြင့် ထုတ်လုပ်နိုင်ပါက ဝင်ငွေများ ပိုမိုတိုးတက်လာမည်**

ဝါစေ့ဆီမှ ဆီထုတ်လုပ်ခြင်း၊ ဆီထွက်သီးနှံများမှ ဆီထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးကောင်းမွန်သည့် ဆီများရရှိစေရေးအတွက် အရည်အသွေး ကောင်းမွန်သည့် ဆီကြိတ်စက်များဖြင့် ကြိတ်ခွဲနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် စက်မှုလုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ငွေကြေးများလိုအပ်ကြောင်း၊ ယခင်ကလည်း မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများ ထုတ်ပေးခဲ့ကြောင်း၊ လိုအပ်ချက်များရှိပါကလည်း နိုင်ငံတော်မှ ရန်ပုံငွေများ ထပ်မံထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံနှင့် ဝါစိုက်ပျိုးမှုများမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

စပါးနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်းများအတိုင်း ထွက်ရှိရေးနှင့် သီးထပ်စွမ်းအားများတိုးတက်စေရေးအတွက် ဆောင်ရွက်သွားရန်လိုကြောင်း၊ နွေစပါး တိုးချဲ့စိုက်ပျိုးခြင်း၊ စပါးပြီး စပါးစိုက်ပျိုးခြင်း၊ စပါးပြီး အခြားသီးနှံစိုက်ပျိုးခြင်း၊ နွေစပါး ပြန်လည်စိုက်ပျိုးခြင်းများကို ဆောင်ရွက်ပြီး သီးထပ်စိုက်ပျိုးမှုများ တိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သီးထပ်စွမ်းအားများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာ အကျိုး ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်း (၄) သွယ်ဖြင့် စိုက်ပျိုး၍ ပန်းတိုင်အထွက်နှုန်းများအတိုင်း ထွက်ရှိအောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် ရေခံ၊ မြေခံကောင်းများရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပန်းတိုင်အထွက်နှုန်းများအတိုင်း ထွက်ရှိစေရေးတက်ရောက်လာကြသူများအားလုံးက ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း။

**မွေးမြူရေး**

မွေးမြူရေးနှင့် ပတ်သက်၍ စနစ်ကျသည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန် လိုကြောင်း၊ ဒေသန္တရရှိနေသည့် နွား၊ ဝက်၊ ကြက်နှင့် ဆိတ်များကို မွေးမြူရာတွင်လည်း နည်းစနစ်တကျ မွေးမြူမည်ဆိုပါက အောင်မြင် ဖြစ်ထွန်းနိုင်သည်ကို တွေ့ရကြောင်း၊ အလားတူ အထွက်ကောင်းမျိုးများကိုလည်း မွေးမြူသွားရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစာများသည်လည်း ဒေသတွင်း၌ ရရှိနိုင်သည်များရှိကြောင်း၊ စနစ်တကျဖြင့် လှောင်၍မွေးမြူသည့် မွေးမြူရေးလုပ်ငန်းများမှ ရရှိလာသည့် စွန့်ပစ်ပစ္စည်းများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် ဇီဝမြေဩဇာအဖြစ် အသုံးပြုနိုင်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် အပြန်အလှန်အကျိုးပြုသည့် လုပ်ငန်းများဖြစ်ကြောင်း၊ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးနှင့်ပတ်သက်၍လည်း ဆွေးနွေးပြောကြားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် အရည်အသွေးမီ ဝါဂွမ်းများ ရရှိရေး ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ ဆီထွက်သီးနှံ နေကြာ တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်များ၊ နို့စားနွားမွေးမြူမှုနှင့် နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်မှုအခြေအနေများ၊ နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဝါသီးနှံစိုက်ပျိုးရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝါစိုက်ပျိုးရန် လျာထားမှုအပေါ် သမဝါယမအသင်းများဖွဲ့စည်းပြီးစီးမှု အခြေအနေများ၊ သွင်းအားစုများအတွက် လိုအပ်သည့်ငွေကြေးများ ထောက်ပံ့ပေးထားမှုနှင့် စိုက်ပျိုးပြီးစီးမှုအခြေအနေများ၊ ဆီထွက်သီးနှံနေကြာ စိုက်ပျိုးမှုတိုးချဲ့ရေးတွင် လိုအပ်သည့် မျိုးနှင့်သွင်းအားစုများ ရရှိရေး၊ လိုအပ်သည့်ထောက်ပံ့မှုများ ရရှိအောင် ဆောင်ရွက်ပေးထားမှုနှင့် သမဝါယမစနစ်ဖြင့် လုပ်ငန်းလည်ပတ်နိုင်ရေး ဆောင်ရွက်ပေးထားမှုအခြေအနေများ၊ မွေးမြူရေးလုပ်ငန်းများတိုးတက်စေရေး သမဝါယမစနစ်နှင့် မြစိမ်းရောင်စနစ်တို့ဖြင့် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို လည်းကောင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက ဝါထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်ရှိ ဝါကြိတ်၊ ချည်မျှင်၊ စက်ရက်ကန်း၊ အထည်အလိပ်၊ ပြည်တွင်း အထည်ချုပ်လုပ်ငန်းများ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပျံ့နှံ့မှုအခြေအနေများ၊ ဝါစိုက်ပျိုးထုတ်လုပ်မှုမှ အထည်အလိပ်များ ထုတ်လုပ်သည်အထိ တန်ဖိုးမြှင့်ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေး Action Plan ဖော်ထုတ်ရေးအလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆီစက်လုပ်ငန်းများ မှတ်ပုံတင်ထားရှိမှုနှင့် ကြိတ်ခွဲထုတ်လုပ်နိုင်မှု အခြေအနေများ၊ ပြည်တွင်း စားသုံးဆီဖူလုံရေးအတွက် တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်မှု အခြေအနေများ၊ ပြည်တွင်းဆီစက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့မှုနှင့် ဖော်ထုတ်ရရှိခဲ့သည့် ရလဒ်များကိုလည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများအတွက် စိုက်ပျိုးထုတ်လုပ်မှုစရိတ်ချေးငွေများကို သီးနှံအမျိုးအစားအလိုက် သက်သာသောအတိုးနှုန်းထားဖြင့် ထုတ်ပေးထားလျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ချေးငွေများကို ခေါင်းစဉ်အလိုက် ထုတ်ပေးထားလျက် ရှိမှုတို့ကိုလည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

စာမျက်နှာ ၄ သို့ ☆

> ☆ **စပါးနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်းများအတိုင်း ထွက်ရှိရေးနှင့် သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက် ဆောင်ရွက်သွားရန်လိုကြောင်း၊ နွေစပါး တိုးချဲ့စိုက်ပျိုးခြင်း၊ စပါးပြီးစပါး စိုက်ပျိုးခြင်း၊ စပါးပြီး အခြားသီးနှံစိုက်ပျိုးခြင်း၊ နွေစပါး ပြန်လည်စိုက်ပျိုးခြင်းများကို ဆောင်ရွက်ပြီး သီးထပ်စိုက်ပျိုးမှုများ တိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သီးထပ်စွမ်းအားများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်**

# ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်း

နေပြည်တော် ဩဂုတ် ၆

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ်ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကိုယ်ကျိုးစွန့်၍ ကာကွယ်စောင့်ရှောက်ပေးနေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများက အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းနိုင်ရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စုပေါင်းချက်ပြုတ်ကြော်လှော်ပြီး ထုပ်ပိုးပြင်ဆင်ဆောင်ရွက်မှုများကို ဩဂုတ် ၄ ရက်က ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဦးမင်းထွဋ်တို့က လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

## ပေးပို့လှူဒါန်း

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ ငါးနီတူခြောက်ကြော်ထုပ် ၁၁၅၀၊ ဘာလချောင်ကြော်ထုပ် ၁၀၀၀၊ ခေါက်ဆွဲခြောက်ထုပ် ၅၄၀၀၊ အမဲသားဘူး ၁၀၀၀၊ ငါးသေတ္တာဘူး ၁၀၀၀၊ ပဲဘူး ၁၀၆၀၊ ငါးပိထောင်းဘူး ၁၅၂၀၊ လက်ဖက်နှင့် အကြော်ထုပ် အထုပ် ၅၀၀၀ နှင့် ငွေသားကျပ်သိန်း ၁၅၀ တို့ကို ဩဂုတ် ၅ ရက်က ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဦးမင်းထွဋ်နှင့် ဌာနဆိုင်ရာအကြီးအကဲများက နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာသို့ သွားရောက်ပေးပို့လှူဒါန်းခဲ့သည်။

ထို့အတူ ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများကို ရှေ့တန်းစခန်းအသီးသီးသို့ ပေးပို့နိုင်ရေး စိတ်အားထက်သန်စွာ စုပေါင်းပြင်ဆင်ထုပ်ပိုးနေမှုကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် နန်းမြိုင်ကော်ဖီမစ်အထုပ် ၃၀ ပါ အထုပ်ကြီး ၁၀၀၊ ရွှေဖီဦးလက်ဖက်ရည်အထုပ် ၃၀ ပါ အထုပ်ကြီး ၁၀၀၊ Calsome ကွေကာ အထုပ် ၃၀ ပါ အထုပ်ကြီး ၂၀၀၊ ဆန်ပြုတ်အထုပ် ၉၀၀၊ ဆန်ကွတ်ကီး အထုပ် ၁၀၀၊ Lucky ဘီစကွတ် အထုပ် ၁၀၀၊ ခေါက်ဆွဲပြုတ် အထုပ် ၃၀ ပါ ပုံး ၁၀၀၊ ခေါက်ဆွဲဆီချက်အထုပ် ၃၀ ပါ ပုံး ၁၀၀၊ ခေါက်ဆွဲချဉ်စပ်အထုပ် ၃၀ ပါ ပုံး ၁၀၀၊ ငါးပိထောင်းထုပ် အထုပ် ၅၈၀၊ ပင်ပျို့ရွက်နုလက်ဖက် အထုပ် ၁၀၀၊ ဇင်ချောင်းဟင်းရည်ထုပ် ၁၀ ပုံး၊ ပုစွန်ခြောက်ငံပြာရည်ကြော် အထုပ် ၁၀၀၊ ဇလုံကြီးဟင်းအနှစ် အထုပ် ၂၅၀၀၊ တန်ဂိုချောကလက်အတောင့် ၁၀၀၊ Fun-O ချောကလက်ဝေဖာထုပ် ၁၀၀၊ Red Ruby စီးကရက်ဘူးအတောင့် ၁၀၀၊ သန်းခေါင်စာရင်းတီရှပ်အထည် ၁၀၀၀ နှင့် ဆေးမျိုးစုံတို့ကို ပေးပို့လှူဒါန်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားသောစိတ်ဓာတ်ဖြင့် ရှေ့တန်းစစ်မြေပြင်တွင် ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့များအား ကျန်းမာစေကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းစေကြောင်းနှင့် တရားသောစစ်အောင်မြင်ပါစေကြောင်း စိတ်ဓာတ်ခွန်အားဖြစ်စေမည့် ဆုတောင်းမေတ္တာစာလွှာများကိုလည်း ရေးသားထည့်သွင်းပေးပို့ခဲ့ကြသည်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများကို ရှေ့တန်းစခန်းအသီးသီးသို့ ပေးပို့နိုင်ရေး စိတ်အားထက်သန်စွာ စုပေါင်းပြင်ဆင်ထုပ်ပိုးနေမှုကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြစဉ်။

ထိုနေ့ မွန်းလွဲပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက လှူဒါန်းသည့် စုစုပေါင်းငွေကျပ် သိန်း ၂၅၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာ ၁၉ မျိုးကို တာဝန်ရှိသူများက နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ သွားရောက်ပေးပို့လှူဒါန်းခဲ့ကြသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများကလည်း ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် စာနာမှု၊ စေတနာ၊ မေတ္တာအပြည့်ဖြင့် စုပေါင်းချက်ပြုတ်ကြော်လှော်ကြပြီး စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျတို့က လိုက်လံကြည့်ရှုအားပေးကြသည်။

## ဝိုင်းဝန်းပြင်ဆင်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးခြောက်ထောင်းကြော်၊ ငါးနီတူခြောက်ကြော်၊ အာဖြဲခြောက်ကြော်၊ ပုစွန်ခြောက်ကြော်၊ အသင့်စားခေါက်ဆွဲခြောက်များ၊ ကွေကာအုပ်ထုပ်များ၊ ကော်ဖီမစ်ထုပ်များ၊ တီးမစ်ထုပ်များ၊ လက်ဖက်နှင့် အကြော်စုံများ၊ ဟင်းဘူးများ၊ ငါးသေတ္တာဘူးများ၊ ဇလုံကြီးဟင်းအနှစ်ထုပ်များ၊ ငါးပိထောင်းဘူးများ၊ မုန့်မျိုးစုံများ၊ ဓာတ်ဆားထုပ်များ၊ ဆေးဝါးများနှင့် ဆေးပေါ့လိပ်များ စုစုပေါင်း ငွေကျပ် ၈၄ သိန်း တန်ဖိုးရှိပစ္စည်းများကို ပေးပို့လှူဒါန်းနိုင်ရေး ဝိုင်းဝန်းပြင်ဆင်ဆောင်ရွက်ခဲ့ကြပြီး စားသောက်ဖွယ်ရာများနှင့်အတူ "ရှေ့တန်းရောက် တပ်မတော်သားအားလုံး ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကြောင့်ကျန်းမာပါစေ၊ဘေးအန္တရာယ်ကင်းရှင်းပါစေ"၊ "တရားသောစစ် အောင်မြင်ပါစေ"၊ "တပ်မတော်သားများရဲ့ အောင်မြင်မှု၊ ပြည်သူလူထုရဲ့ ငြိမ်းချမ်းမှုတွေကို စောင့်ရှောက်လျက် တပ်မတော်သားများကို ချစ်တဲ့ပြည်သူတွေ အများကြီးရှိနေပါတယ်"၊ "တပ်မတော်သားများရဲ့အောင်ပွဲဟာ ပြည်သူ့အောင်ပွဲပါ၊ တပ်မတော်သားများ စစ်မြေပြင်မှ အန္တရာယ်ကင်းရှင်းစွာ အမြန်ဆုံးပြန်လာနိုင်ပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ခဲ့ကြသည်။



ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများကို ရှေ့တန်းစခန်းအသီးသီးသို့ ပေးပို့နိုင်ရေး စိတ်အားထက်သန်စွာ စုပေါင်းပြင်ဆင်ထုပ်ပိုးနေစဉ်။

အလားတူ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေးအတွက် ဩဂုတ် ၄ ရက်က ဝန်ထမ်းမိသားစုများ စုပေါင်းချက်ပြုတ်ကြော်လှော် ပြင်ဆင်ဆောင်ရွက်ကြရာ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

တပ်မတော်သားများနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး မိသားစုများက ဘာလချောင်ကြော်၊ မြေပဲငံပြာရည်ကြော်၊ ငါးနီတူကြော်၊ ငါးသေတ္တာ၊ ကော်ဖီမစ်ထုပ်၊ အာလူးကြော်ထုပ်၊ စာကလေးချောင်းကြော်ထုပ်၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်၊ လက်ဖက်နှင့် ပဲကြော်ထုပ်၊ ကွတ်ကီးမုန့်မျိုးစုံ၊ Royal-D ဓာတ်ဆားထုပ်၊ ဒဏ်ကျေလိမ်းဆေးဘူးနှင့် အကိုက်အခဲပျောက်ဆေးများပါရှိသော အစားအသောက်နှင့် ဆေးဝါးပစ္စည်းများကို တပ်မတော်သား အယောက် ၁၀၀ အတွက် သဒ္ဓါတရားထက်သန်စွာ လှူဒါန်းပေးနိုင်ရေး ဝိုင်းဝန်းပြင်ဆင်ဆောင်ရွက်ခဲ့ကြပြီး စားသောက်ဖွယ်ရာများနှင့်အတူ "တရားသောစစ် အောင်မြင်ပါစေ၊ ဘေးရန်ကင်းပြီး ကျန်းမာကြပါစေ" စသည့် ဆုတောင်းမေတ္တာစာများကို ထည့်သွင်းပေးပို့ခဲ့ကြသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံး ဝန်ထမ်းမိသားစုများနှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းတို့မှ ထည့်ဝင်လှူဒါန်းမှု ငွေသားကျပ်သိန်း ၆၀ နှင့် ပစ္စည်းတန်ဖိုး ကျပ်သိန်း ၄၀ စုစုပေါင်းတန်ဖိုးကျပ်သိန်း ၁၀၀ ကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ဩဂုတ် ၅ ရက် ညနေပိုင်းတွင် သွားရောက်ပေးအပ်လှူဒါန်းရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့အတူ ပြည်ထောင်စုရှေ့နေချုပ်ရုံး/ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစုများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှစ်ခုတွင် သင်တန်းတက်ရောက်လျက်ရှိသော သင်တန်းသား သင်တန်းသူများက တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ချစ်ခင်စွာဖြင့် ဂုဏ်ပြုပေးအပ်ရန်အတွက် အစားအသောက်များ၊ အသုံးအဆောင်ပစ္စည်းများနှင့် ဝန်ထမ်းတစ်ဦးချင်း၏ ဂုဏ်ပြုအားပေးစာလွှာများ ထုပ်ပိုးပြင်ဆင်မှုကို နေပြည်တော်ရုံးအမှတ်(၁၇) နှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှစ်ခုတို့၌ ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဝန်ထမ်းမိသားစုနှင့် နိုင်ငံ့ဝန်ထမ်းသင်တန်းသားများက ငွေကျပ်သိန်း ၁၁၀ တန်ဖိုးရှိ ငါးနီတူ၊ ငါးပိကြော်ဘူး ၅၀၀၊ ငါးနီတူခြောက်ကြော်ဘူး ၂၀၀၊ ငါးခြောက်ထောင်းကြော်ဘူး ၁၂၅ ဘူး၊ ပဲပုပ်ကြော်ဘူး ၂၀၀၊ အာဖြဲခြောက်ကြော်ဘူး ၄၀၀၊ ပုစွန်ငါးပိကြော်ဘူး ၂၀၀၊ စုစုပေါင်း ၁၆၂၅ ဘူးနှင့် အခြားအသုံးအဆောင်များကို ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၆

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက် ဂုဏ်ပြုပေးအပ်

**နေပြည်တော် ဩဂုတ် ၆**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

တက်ရောက်

ထိုသို့ ပေးအပ်လျက်ရှိရာ ဩဂုတ် ၅ ရက်နှင့် ယနေ့တို့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက ဂုဏ်ပြု ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို နေပြည်တော်တိုင်း စစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများကလှူဒါန်းသည့် အလှူငွေနှင့် စားသောက်ဖွယ်ရာများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးထံ ပေးအပ်စဉ်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာ့ငါးဆယ်နှင့် ငွေကျပ်သိန်းသုံးရာတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာ့နှစ်ဆယ်နှင့် ငွေကျပ် သိန်းငါးဆယ်တန်ဖိုးရှိ စားသောက် ဖွယ်ရာများကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ် လေးဆယ့်ငါးသိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ် သိန်းနှစ်ရာ့ငါးဆယ် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းနှစ်ရာ့ငါးဆယ် နှင့် ငွေကျပ်တစ်ရာ နှစ်ဆယ့်ကိုးသိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ် ရှစ်ဆယ့်လေးသိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာ့ တစ်ဆယ်တန်ဖိုးရှိစားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းခြောက်ဆယ်နှင့် ငွေကျပ်သိန်းလေးဆယ် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅) ကျောင်းဆင်းအရာရှိ မိသားစုများက ငွေကျပ်ရှစ်ဆယ့်ငါးသိန်းကိုလည်းကောင်း လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

အလားတူ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ် တစ်ရာသုံးဆယ့်နှစ်သိန်းနှင့် ငွေကျပ် နှစ်ရာလေးဆယ့်ခြောက် သိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ညွှန့်ခန်းမ၌လည်းကောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ် နှစ်ရာတစ်ဆယ့်နှစ်သိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ရာမညခန်းမ၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ်တစ်ရာနှစ်ဆယ့်ကိုးသိန်းကျော်နှင့် ငွေကျပ် နှစ်ရာလေးဆယ့်တစ်သိန်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ထားဝယ်မြို့ရှိ ရွှေဝယ်သဇင်ခန်းမ၌လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ စားသောက်ဖွယ်ရာများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် ညွှန့်ရိပ်သာခန်းမ၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ်သုံးရာတစ်ဆယ့် တစ်သိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာရွှေဝါခန်းမ၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ်သုံးရာတစ်ဆယ့် နှစ်သိန်းကျော်တန်ဖိုးရှိစားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ညွှန့်ခန်းမဆောင်၌လည်းကောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများနှင့် ကော်မရှင်ဥက္ကဋ္ဌတို့က ပေးအပ်ရာ တိုင်းမှူးများက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# လူဦးရေနှင့် အိမ်အကြောင်းအရာ၊သန်းခေါင်စာရင်းဆိုင်ရာဟောပြောပွဲနှင့် ပန်းခင်းစီမံချက်(၃) ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ အုပ်ချုပ်ရေးမှူးရုံး၌ ယမန်နေ့နံနက် ၉ နာရီက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမရပူရမြို့နယ်ရုံးမှ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမရပူရမြို့နယ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးတင်ကိုကိုဝင်းက ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက် အထိ ကောက်ယူမည့် သန်းခေါင်စာရင်းအကြောင်းအရာများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရည်ရွယ်ပြီး Projector ဖြင့် ရှင်းလင်းဆွေးနွေးပြီး ဟောပြောပွဲများကို ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ဟောပြောပွဲအပြီးတွင် ပြည်သူများ လေ့လာနိုင်စေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုသန်းခေါင်စာရင်းကော်မရှင်က ထုတ်ဝေသော လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။ ယခုကဲ့သို့ အသိပညာပေး ဟောပြောပွဲများကို တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၊ ရပ်ကွက်၊ ကျေးရွာများနှင့် အလုပ်ရုံများပါ မကျန် ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်းလည်း ဦးစီးအရာရှိထံမှ သိရသည်။

ဆက်လက်ပြီး ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသား စိစစ်ရေးကတ်များကို ဆောင်ရွက်ပေးခဲ့ရာ အမျိုးသား ၄၂ဦးနှင့် အမျိုးသမီး ၆၂ ဦး စုစုပေါင်း ၁၀၄ ဦးကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

စိုးသီဟ(အမရ)

# မန္တလေးဈေးကွက်တွင် ပဲပုပ်အရောင်းအဝယ်သွက်လက်နေပြီး ဈေးနှုန်းကောင်းရရှိနေ

**မန္တလေး ဩဂုတ် ၆**

မန္တလေးဈေးကွက်အတွင်း ပဲပုပ်ကို ကုန်သည်များနှင့် စားသုံးဆီအဖြစ် ထုတ်လုပ်ရန်အတွက် ဝယ်ယူသူများပြားခြင်းကြောင့် အရောင်းအဝယ်သွက်လက်နေ ပြီး ဈေးနှုန်းကောင်းများရရှိနေကြောင်း မန္တလေးပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော် အသင်းက သိရသည်။

ပဲပုပ်(ဗမာ)ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ ပဲပုပ်(ရှမ်း)ငွေကျပ် ၂၈၀၀၀၀-၃၀၀၀၀၀ ဝန်းကျင် အထိဈေးနှုန်းရှိနေသည်။

"ပဲပုပ်က ဆီကြိတ်ဖို့အတွက် ဝယ်ယူသူများနေတယ်။ အဲဒါကြောင့် ဈေးကွက်ထဲမှာရှိတဲ့ အရေအတွက်ထက် အဝယ်က များနေတာကြောင့် ဈေးကောင်းနေတာဖြစ်ပါတယ်။လက်ရှိအနေအထားကတော့ ဈေးနှုန်းဆက်လက်ကောင်းဖို့ပဲဖြစ်မယ်လို့ သုံးသပ်လို့ရပါတယ်"ဟု အဆိုပါအသင်းက တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပဲပုပ်ဈေးနှုန်းများမှာ သုံးတင်းဝင်တစ်အိတ်လျှင် ယခင်က ပဲပုပ်(ဗမာ)ငွေကျပ် ၂၃၀၀၀၀- ၂၄၀၀၀၀ မှ ယခုအခါ ငွေကျပ် ၂၆၀၀၀၀ ၊ ပဲပုပ်(ရှမ်း)ငွေကျပ် ၂၆၀၀၀၀ မှ ၂၈၀၀၀၀ -၃၀၀၀၀၀ ဝန်းကျင်အထိ ဈေးနှုန်းကောင်းလာခဲ့သည်။

ပဲပုပ်အား အထက်မြန်ပြည်တွင် မိုးကောင်းသောက် လယ်ယာသီးနှံအဖြစ် စိုက်ပျိုးကြပြီး အောက်မြန်မာပြည်တွင် ရေကျသည်နှင့် တစ်ပြိုင်နက် ကိုင်းကျွန်းများတွင် ကြဲပက်စိုက်ပျိုးမှုကို ပြုလုပ်ကြကြောင်း၊ အဓိက စိုက်ပျိုးမှုအများဆုံးမှာ ရှမ်းပြည်နယ်တွင် စိုက်ပျိုးကြပြီး မန္တလေး၊ စစ်ကိုင်း၊ ဧရာဝတီ၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် စိုက်ပျိုးကြသည်။

ပဲပုပ်မှထုတ်လုပ်သော ဆီအား စက်မှုကုန်ကြမ်းပစ္စည်းများတွင် အသုံးပြုနိုင်နေပြီး ရောင်စုံခဲတံ၊အလှဆီ၊ဆပ်ပြာ၊ခေါင်းလျှော်ရည်၊ ပိုးသတ်ဆေး၊မှိုသတ်ဆေး၊ ပုံနှိပ်မင်၊ အိမ်သုတ်ဆေး၊မိုးရေခံ ဘိလပ်မြေ၊လျှပ်စစ်ပစ္စည်း အကာအကွယ်ပစ္စည်း၊ ဇီဝဒီဇယ်ဆီ စသည့်တို့ ထုတ်လုပ်ရာတွင် အသုံးပြုကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

၀-၀-၀-၀-၀

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး နှိုးဆော်

**မန္တလေး ဩဂုတ် ၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း မီးဘေးလုံခြုံစေရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရပ်ကွက်များသို့ မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ သတိပြုရမည့်အချက်များကို အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်ခြင်းကိုဩဂုတ် ၅ ရက် ညနေ ၆ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ အသိပညာပေးနှိုးဆော်ရာတွင် နေအိမ်များ၌ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေပုံးနှင့် မီးသတ်ဆေးဘူးများ စီစဉ်ဆောင်ရွက်ထားရှိရေး၊ မီးသွေးမီးဖိုဖြင့် ထမင်း၊ ဟင်း ချက်ပြုတ်ပြီးပါက မီးကြွင်းမီးကျန်များအား စနစ်တကျ ငြိမ်းသတ်ထားရှိရန် စသည့်မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ကြော်ငြာချက်များအား ပြည်သူများ ကျယ်ကျယ်




ပြန့်ပြန့်သိရှိစေရန်အတွက် အသံချဲ့စက်ယာဉ်ဖြင့် လှည့်လည်နှိုးဆော် ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ (အောက်ပုံ)(ဝ၅၇)

# MNDAA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း အသင်းအဖွဲ့များမှ သဘောထားများ ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၆

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံနှင့် ရပ်ကွက်အတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဒေသခံပြည်သူအချို့မှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရှိရသည်။

ယခုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု (War Crime) မြောက်သည့် လူမဆန်စွာရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ကရင်ပြည်နယ်)၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့က သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ကရင်ပြည်နယ်)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များထိခိုက်သေဆုံးခဲ့ရပြီးအချို့ကိုလည်းမတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရ၍ လူမှုစီးပွားဘဝများ ဆုံးရှုံးရလျက်ရှိကြောင်း သိရှိရပါသည်။

၃။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့်မသက်ဆိုင်သည့်ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခြင်း၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခြင်းနှင့် သာသနိကအဆောက်အဦများ စစ်ရေးအတွက် အသုံးပြုနေခြင်းများကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ကရင်ပြည်နယ်)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ကရင်ပြည်နယ်)

## မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်များ အသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၆) ရက်

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရပါသည်။

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့တွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာဒုက္ခရောက်နေရကြောင်းသိရသဖြင့် ကိုယ်ချင်းစာနာစိတ်ဖြင့် များစွာခံစားရပါသည်။

ထိုသို့ MNDAAအကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းသည် လူသားချင်းစာနာထောက်ထားမှုမရှိသည့် အကြမ်းဖက်လုပ်ရပ်များဖြစ်ခြင်းကြောင့် လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သော လုပ်ဆောင်မှုများကို ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းနှင့်
သစ်လုပ်ငန်းရှင်များအသင်း

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် သတင်းထုတ်ပြန်ချက် အမှတ် (၉/၂၀၂၄)

၁။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၃)တွင် "လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ် လုံခြုံမှုရခွင့်ရှိသည်" ဟု ဖော်ပြထားရှိပါသည်။ အသက်ရှင်သန်ခွင့်သည် လူသားအားလုံး၏ မွေးရာပါ ရရှိခံစားခွင့်ရှိသော အရေးကြီးသည့် မူလအခြေခံ အခွင့်အရေးဖြစ်ပြီး မည်သည့်အခြေအနေ၊ အချိန်အခါတွင်မဆို မည်သည့်အကြောင်းရင်းနှင့်မှ ဖယ်ရှားနုတ်ပယ်၍မရသော အခွင့်အရေးဖြစ်သည်။

၂။ ယနေ့အချိန်တွင် ကမ္ဘာပေါ်ရှိ လူသားများ၏ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှုတို့ကို ထိခိုက်စေသော အကြောင်းအရာများစွာ ဖြစ်ပေါ်နေပြီး မြန်မာနိုင်ငံတွင်လည်း သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့်အပြင် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကို မျက်ကွယ်ပြုကာ ပယောဂ အမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသော အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လက်နက် ကိုင်ပဋိပက္ခများကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးနေကြရကြောင်းနှင့် နေရပ်ဒေသများကို စွန့်ခွာတိမ်းရှောင်နေကြရကြောင်း ကြားသိရပြီး ကျန်ရှိနေကြသည့် ပြည်သူများလည်းရှိကြောင်း သိရှိရပါသည်။

၃။ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားရာ ဒေသများတွင် ကျန်ရှိနေကြသည့် ပြည်သူများနှင့် နေရပ်စွန့်ခွာပြည်သူများသည် အသက်ရှင်သန်ခွင့်အပါအဝင် စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူပုဂ္ဂိုလ်လုံခြုံခွင့် စသည့်မူလအခြေခံအခွင့်အရေးများစွာ ထိပါးဆုံးရှုံးလျက်ရှိပါသည်။

၄။ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသော ဆေးရုံဆေးပေးခန်းများ၊ ပညာသင်ကြားပေးလျက်ရှိသော စာသင်ကျောင်းများ၊ ဘာသာရေး အဆောက်အဦများ၊ လူနေအိမ်များကို တိုက်ခိုက်ခြင်းမပြုကြရန် လိုအပ်ပါသည်။ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများသည် တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးတို့နှင့် ဆန့်ကျင်နေပါသည်။

၅။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ဖော်ဆောင်နိုင်ရန် ကုလသမဂ္ဂမှ ထုတ်ပြန်ထားသည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များနှင့် ပြည်တွင်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ထိရှလွယ်အုပ်စုများအပါအဝင် အပြစ်မဲ့ပြည်သူများ၏ အသက်ရှင်သန်ခွင့်နှင့် လုံခြုံခွင့်တို့ကို အလေးအနက်ထား ဝိုင်းဝန်းစောင့်ရှောက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်

## မြန်မာနိုင်ငံဆေးဝါးနှင့်ဆေးပစ္စည်း ထုတ်လုပ်သူများအသင်း၏သဘောထား ထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများ ဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသော လူနာများနှင့် ဆေးရုံရှိတာဝန်ရှိသူများ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုကို မည်သည့်အရပ်ဒေသ၊ မည်သည့်အခြေအနေတွင်မဆို ရယူခွင့်ရှိရပါမည်။

ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဆေးရုံကို လက်နက်ဖြင့်ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်း၊ လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများ ထိခိုက်သေဆုံးမှုဖြစ်စေခြင်း စသည်တို့အား မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်းအနေဖြင့် လုံးဝဆန့်ကျင်ကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများအသင်း

## မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုက်ပွဲများ ဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရကြောင်း ဝမ်းနည်းစွာကြားသိရပါသည်။

ပြည်သူလူထုအနေဖြင့် မည်သည့်နေရာဒေသ၊ မည်သည့်အခြေအနေတွင်မဆို ဘေးကင်းသောကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားရမည်ဖြစ်ပါသည်။ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်ဆေးရုံကို တိုက်ခိုက်ခြင်းနှင့် လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအား ထိခိုက်မှုဖြစ်စေခြင်းတို့အား မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းက ဆန့်ကျင်ကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း

သစ်ပင်နည်းလာ၊ တို့ကမ္ဘာ
လွန်စွာပူအေး၊ ဥတုဘေး။

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## တူရကီက အင်စတာဂရမ်ကို ပိတ်ပင်လိုက်ပြီးနောက် ဒစ်ဂျစ်တယ်ဖက်ဆစ်ဝါဒကို သမ္မတ အာဒိုဂန် ရှုတ်ချ



**အန်ကာရာ ဩဂုတ် ၆**

အမေရိကန် အစိုးရက ဟားမတ်စ်အုပ်စု၏ နိုင်ငံရေးခေါင်းဆောင် အစ္စမေးလ်ဟာနီယဲ လုပ်ကြံသတ်ဖြတ်ခြင်းခံရသဖြင့် ဝမ်းနည်းကြောင်း လွှင့်တင်သောအချက်အလက်ကို အင်စတာဂရမ်က ဖျက်ချခဲ့သဖြင့် မကျေမနပ်ဖြစ်ကာ တူရကီအစိုးရက အင်စတာဂရမ်ကို ပိတ်ပင်ခဲ့သည်။

ထိုသို့ ပိတ်ပင်ပြီးနောက် ကွယ်လွန်သူ အစ္စမေးလ်ဟာနီယဲ၏ မိတ်ဆွေရင်းဖြစ်သူ တူရကီသမ္မတ ယေဆက်တေယစ်အာဒိုဂန်က ဒစ်ဂျစ်တယ်ဖက်ဆစ်ဝါဒကို ဩဂုတ် ၅ ရက်တွင် ရှုတ်ချခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အန်ကာရာမြို့တော်၌ကျင်းပသည့် အခမ်းအနားတစ်ခုတွင် မိန့်ခွန်းပြောကြားစဉ် ၄င်းက အင်တာနက်ကွန်ရက်ထဲရှိ ဒစ်ဂျစ်တယ်ဖက်ဆစ်ဝါဒအကြောင်းကို ထောက်ပြဝေဖန်ရှုတ်ချခြင်းဖြစ်သည်။

တူရကီနိုင်ငံသည် တစ်ကမ္ဘာလုံးတွင် အင်စတာဂရမ်လူမှုကွန်ရက်အသုံးအပြုဆုံးနိုင်ငံများစာရင်း၌ ပဥ္စမနေရာသို့ ရောက်ရှိကာ အသုံးပြုသူဦးရေ ၅၇ သန်းကျော်ရှိခဲ့သည်။

အစိုးရက ပုဂ္ဂိုလ်ရေးမကျေနပ်ချက်ကို အကြောင်းပြုကာ အင်စတာဂရမ်ကို ပိတ်ချလိုက်သဖြင့် တူရကီနိုင်ငံရှိ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များ များစွာ ထိခိုက်နစ်နာလျက်ရှိကြောင်း သိရသည်။

**Mon**

## ကြည်လင်သောရေ စိမ်းလန်းစိုပြည်သော တောင်တန်းများ၏ လှပသော ဂေဟစနစ်

**ဟူနန် ဩဂုတ် ၆**

တရုတ်နိုင်ငံ ဟူနန်ပြည်နယ်၊ ယုံကျိုးမြို့၊ ချီယန်မြို့ ကျင်းတုန့် စီမံခန့်ခွဲမှုဧရိယာ၊ စိုက်ပေထန်းယောင်လူမျိုးကျေးရွာတွင် ကောင်းကင်ပြာပြာ၊ တိမ်ဖြူဖြူ၊ စိမ်းလန်းစိုပြည်သောတောင်တန်း၊ ကြည်လင်သောရေများနှင့်အတူ ၄င်းတို့ကြား ရောယှက်နေသော လူနေအိမ်များက အပြန်အလှန် အလှဆောင်နေကြပြီး သာယာလှပသော နွေရာသီဂေဟဗေဒ ရှုခင်းပန်းချီကားတစ်ချပ်သဖွယ်ဖြစ်နေသည့် မြင်ကွင်းကို ၂၀၂၄ ခုနှစ် ဩဂုတ် ၃ ရက်က တွေ့ရှိရသည်။

မကြာသေးမီ နှစ်များအတွင်း ဟူနန်ပြည်နယ်၊ ယုံကျိုးမြို့၊ ချီယန်မြို့ ကျင်းတုန့်စီမံခန့်ခွဲမှုဧရိယာသည် "ကြည်လင်သောရေနှင့် စိမ်းလန်းစိုပြည်သောတောင်များက အဖိုးမဖြတ်နိုင်သော ပိုင်ဆိုင်မှုများဖြစ်သည်" ဟူသော အယူအဆကို နက်နက်ရှိုင်းရှိုင်း အကောင်အထည်ဖော်ခဲ့ပြီး ရေအရင်းအမြစ်များကို ကာကွယ်ခြင်း၊ ရေထုညစ်ညမ်းမှုကို ကာကွယ်စီမံခြင်း၊ ရေပတ်ဝန်းကျင် ပိုမိုကောင်းမွန်လာစေရေး၊ ရေဂေဟစနစ် ပြန်လည်ကောင်းမွန်လာစေရေးတို့ကို လုပ်ဆောင်ခဲ့သည်။

မြို့ပြနှင့်ကျေးလက်လူနေမှုပတ်ဝန်းကျင်၊ ဂေဟစနစ်ပတ်ဝန်းကျင်နှင့် သာယာလှပသော ကျေးလက်တည်ဆောက်မှုတို့ကို ပေါင်းစပ်ခြင်းဖြင့် "ရေစီးရေလာကောင်းသောမြစ်၊ ကြည်လင်သောရေ၊ စိမ်းလန်းသောကမ်းပါး၊ သာယာဝပြောသောစက်မှုလုပ်ငန်း၊ လှပသောရှုခင်းနှင့် နေထိုင်ရန်သင့်လျော်မှု" ဟူသော လှပသည့် ကျေးလက်ဒေသ၏ ယန်းချိပုံရိပ်သစ်ကို တဖြည်းဖြည်း ပြသနိုင်ခဲ့ကြောင်း သိရသည်။

**(Xinhua)**



## ဒက်ဘီဟု အမည်ပေးထားသော အပူပိုင်းမုန်တိုင်း ဖလော်ရီဒါသို့ဝင်ရောက်၊ မိုးသည်းထန်၊ ရေကြီး



**ဝါရှင်တန် ဩဂုတ် ၆**

ဒက်ဘီဟု အမည်ပေးထားသော အပူပိုင်းမုန်တိုင်း အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါကမ်းရိုးတန်းသို့ ဩဂုတ် ၅ ရက်က ဝင်ရောက်ခဲ့ရာ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုဖြစ်ပွားနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အထူးသဖြင့် လဲဗီးစီးရင်စုနယ်အတွင်း ရေကြီးမှုအခြေအနေဆိုးရွားခဲ့ရာ လူအသေအပျောက်ရှိခဲ့ကြောင်း ဒေသခံကယ်ဆယ်ရေးအဖွဲ့ ပြောခွင့်ရသူက ဆိုသည်။

လူလေးဦးထက်မနည်း သေဆုံးစေခဲ့သော ရေကြီးမှုအပြီးတွင် ဒက်ဘီမုန်တိုင်းသည် ရက်ပိုင်းအတွင်း တောင်ကယ်ရိုလိုင်းနားနယ်ဘက်သို့ ရွေ့လျားသွားမည်ဟု တွက်ချက်ခန့်မှန်းထားကြောင်း သိရသည်။

**Mon**

ဒက္ကာမြို့တွင် လူအများဆူပူလှုပ်ရှားမှုကို မထိန်းချုပ်နိုင်တော့သဖြင့် အိန္ဒိယနိုင်ငံသို့ ဩဂုတ် ၅ ရက်တွင် သွားရောက်ခိုလှုံခဲ့ရသော ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာအား တွေ့ရစဉ်။ **Mon**



## ဒေါ်လာ ၁၄၆ သန်း လိမ်လည်ခဲ့သော သူဌေးကို ဗီယက်နမ်အစိုးရက ထောင်ဒဏ် ၂၁ နှစ် ချမှတ်

**ဟန္နိုင်း ဩဂုတ် ၆**

အမေရိကန်ဒေါ်လာ ၁၄၆ သန်း လိမ်လည်ခဲ့သော သူဌေး ထရင်ဗန်ကူယက်ကို ဗီယက်နမ်အစိုးရက ဩဂုတ် ၅ ရက်တွင် ပြစ်မှုထင်ရှားစီရင်ကာ ထောင်ဒဏ် ၂၁ နှစ် ချမှတ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၄င်းနှင့် အပေါင်းအပါ ၄၉ ဦးသည် အစုရှယ်ယာထည့်ဝင်သူများအပေါ် လိမ်လည်မှုကျူးလွန်သည်ဟု ပြစ်မှုထင်ရှားရှိခဲ့ကြောင်း တူအို့င်ထရေသတင်းစာတွင် ရေးသားဖော်ပြသည်။

၂၀၁၇ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အကြား ၄င်းဦးဆောင်ပြီး လိမ်လည်ခဲ့သဖြင့် လူပေါင်း ၂၅၀၀၀ ဦးခန့် နစ်နာဆုံးရှုံးခဲ့ကြောင်း သိရသည်။ **Mon**



## အင်အားတိုးမြှင့်ထားသော ဗြိတိသျှရဲတပ်ဖွဲ့ဝင်များ အကြမ်းဖက်ဆူပူလှုပ်ရှားသူများကို ထပ်မံဖမ်းဆီး

**လန်ဒန် ဩဂုတ် ၆**

ဗြိတိန်နိုင်ငံ ဖလီမတ်မြို့ရှိ ညဘက်အကြမ်းဖက်မှုများကြောင့် ရဲအရာရှိအချို့နှင့် ပြည်သူများ ဒဏ်ရာရရှိခဲ့ပြီးနောက် အင်အားတိုးမြှင့်ထားသော ဗြိတိသျှရဲတပ်ဖွဲ့ဝင်များက လူခြောက်ဦးကို ဩဂုတ် ၅ ရက်က ဖမ်းဆီးကာ လူနှစ်ဦးကို ဆေးရုံသို့ပို့ဆောင်ခဲ့ရသည်ဟု ထုတ်ဖော်ပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

"အကြမ်းဖက်မှုကို ခွင့်မပြုပါ၊ သွေးထွက်သံယိုမှုကို ခွင့်မပြုပါ" ဟု ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဗြိတိန်အနောက်မြောက်ပိုင်း ဆောက်သ်ပို့မြို့ ကလေးများ၏ အကသင်တန်းကျောင်း ဓားထိုးမှုဖြစ်စဉ်တွင် မိန်းကလေး သုံးဦး သေဆုံးခဲ့ပြီးနောက် စတင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကို တိုက်ဖျက်ရန် အစိုးရက ကြိုးပမ်းနေသည်။




လက်ယာအစွန်းရောက်များ၏ အင်တာနက်အပေါ်မှ မမှန်မကန်သတင်းများကြောင့် ယင်းဥပဒေမဲ့ဆူပူလှုပ်ရှားမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ် ကီယာစတာမာက အပြစ်တင်ပြီး "အပြင်းထန်ဆုံး အရေးယူမှုများ" ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

လွန်ခဲ့သော ရက်သတ္တပတ်အတွင်း လူ ၄၀၀ နီးပါး ဖမ်းဆီးခဲ့ရာ ၄င်းတို့အနက် အချို့ကို ဩဂုတ် ၅ ရက်က လီဗာပူး၊ တောင်တိုင်ဆိုဒ်နှင့် ဟယ်မြို့ရှိ တရားရုံးအသီးသီးတွင် ရုံးထုတ်စစ်ဆေးခဲ့သည်ဟု ထပ်လောင်းဖော်ပြကြောင်း သိရသည်။

**Mon**

# အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ အပြစ်မဲ့ပြည်သူများအပေါ် လူမဆန်သောလုပ်ရပ်များနှင့်ပတ်သက်၍ ကန့်ကွက်ရှုတ်ချပွဲများ ပြုလုပ်



ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ရှိ ဗန္ဓုလကျောက်တိုင် ကားရပ်နားကွင်း၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ အပြစ်မဲ့ပြည်သူများအပေါ် လူမဆန်သောလုပ်ရပ်များနှင့်ပတ်သက်၍ ကန့်ကွက်ရှုတ်ချပွဲ ပြုလုပ်စဉ်။

နေပြည်တော် ဩဂုတ် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား ဝင်ရောက်စီးနင်းတိုက်ခိုက်ပြီး ဆေးရုံမှဆရာဝန်၊ သူနာပြု၊ ဆေးကုသမှုခံယူနေရသည့် အမျိုးသမီးများ၊ ကလေးငယ်များ အပါအဝင် အပြစ်မဲ့ပြည်သူများအား အစုလိုက် အပြုံလိုက် ရက်စက်စွာသတ်ဖြတ်၍ အချို့လူနာများအား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ လူမဆန်သောရက်စက်ယုတ်မာသည့် လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချပွဲကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် မြို့တော်ခန်းမရှေ့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မြို့တော်ခန်းမရှေ့ရှိ ဗန္ဓုလကျောက်တိုင် ကားရပ်နားကွင်း၌ လည်းကောင်း ပြုလုပ်ကြသည်။

ဦးစွာ ရှုတ်ချပွဲတက်ရောက်လာသည့် ရဟန်းပြည်သူပရိသတ်အပေါင်းတို့က "ပြည်ဖျက်မိစ္ဆာ အကြမ်းဖက်အဖွဲ့များကို အမြစ်ဖြတ်ချေမှုန်းပေးပါ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဒေသခံပြည်သူ အတိဒုက္ခရောက်အောင် လုပ်ဆောင်နေသော MNDAA၊ TNLA၊ AA၊ PDF အကြမ်းဖက်အဖွဲ့များအား ပြတ်သားစွာ နှိမ်နင်းဆောင်ရွက်ပေးပါ၊ အပြစ်မဲ့အရပ်သားပြည်သူများအား အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သော လူမဆန်သည့်လုပ်ရပ်အား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချသည်၊ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ခန္ဓာစွန့်၍ တိုက်ပွဲဝင်နေသော တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား ဦးညွှတ်ဂုဏ်ပြုပါသည်၊ A righteous War Must be Won Eradicate all Subversives " စသည့် ဗီနိုင်းများ ကိုင်ဆောင်၍ သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြသည်။

ထို့နောက် နိုင်ငံတော်အလံအား အလေးပြုကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းကို စုပေါင်းသီဆိုကြသည်။

### ဟောပြောဆွေးနွေး

ဆက်လက်၍ အကြမ်းဖက်လုပ်ရပ်များကို မလိုလားသူများကိုယ်စား တာဝန်ရှိသူများက အပြစ်မဲ့ပြည်သူများအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ လူမဆန်သောလုပ်ရပ်များအား ကန့်ကွက်ရှုတ်ချမှုနှင့် ပတ်သက်၍ ဟောပြောဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး၊ အကြမ်းဖက် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် ပူးပေါင်းအဖွဲ့အစည်းများ အလိုမရှိ၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း ချက်ချင်းရပ်၊ စစ်ရေးပြစ်မှတ်မဟုတ်သော အများပြည်သူနေရာများအား ပစ်ခတ်ခြင်း ချက်ချင်းရပ်၊ MNDAA ၏ လူမဆန်သော ရက်စက်ယုတ်မာမှုများ ချက်ချင်းရပ်၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို ဖောက်ဖျက်နေသည့် အကြမ်းဖက်အဖွဲ့များအား ဆန့်ကျင်ကြ၊ လူ့အခွင့်အရေးများအားချိုးဖောက်နေသော အကြမ်းဖက်အဖွဲ့များအား ဆန့်ကျင်ကြ၊ မြန်မာ့တပ်မတော်၏ တရားသောစစ်အောင်ရမည် စသည့်ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ ဇာတိမာန်သီချင်းသံပြိုင်သီဆိုခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်၍ ကန့်ကွက်ရှုတ်ချခြင်းကို ရုပ်သိမ်းခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

---

# ထားဝယ်မြို့နယ် ရန်ကုန်-ထားဝယ်-မြိတ်လမ်းမကြီးပေါ်ရှိ မောင်မယ်ရှောင်ရွာအား တပ်မတော်က မီးရှို့ဖျက်ဆီးဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ




နေပြည်တော် ဩဂုတ် ၆

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ရန်ကုန်-ထားဝယ်-မြိတ်လမ်းမကြီးပေါ်ရှိ မောင်မယ်ရှောင်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့ခြင်းဖြစ်သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများ တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရန်အတွက် အဆိုပါကျေးရွာတစ်ဝိုက်၌ အကြမ်းဖက်သမားများ၏ ခိုအောင်းလှုပ်ရှားသွားလာမှုများမရှိစေရေး စစ်ဆေးရှာဖွေခြင်းများ ဆောင်ရွက်နေမှုကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြည်သူလူထုမှ အထင်အမြင်လွဲစေရန်နှင့် အကြမ်းဖက်သမားများ လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်ရန်အတွက် အချိန်ကိုက်သတင်းအမှားများ ဖြန့်ဝေခြင်းဖြစ်ပြီး ထိုကဲ့သို့ မီးရှို့ဖျက်ဆီးခြင်းမှာ အကြမ်းဖက်သမားများ၏ လုပ်ရပ်သာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

---

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

### သိမ်းဆည်းခံရနိုင်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၅ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "A.S.K (မြင်းခြံသား)" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ်(၁၇) ရပ်ကွက်နေ အောင်ချိတ်(ခ)အောင်စိုးခန့်အား မွန်းလွဲ ၃ နာရီခွဲတွင်လည်းကောင်း၊ "Min Htet" TikTokအကောင့်ပိုင်ရှင်ဖြစ်သူ ပုသိမ်ကြီးမြို့နယ် စွယ်လှကျေးရွာနေ မင်းထက်အား မွန်းလွဲ ၃ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

### ထိရောက်စွာ အရေးယူသွားမည်

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

---

# မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြော



မန္တလေး ဩဂုတ် ၆

အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟိုမန္တလေး)(AEDA-Mdy)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ် အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အမှတ်(၃၃)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာချိုက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အသင်းဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က မူးယစ်သမိုင်းကြောင်းကိုလည်းကောင်း၊ အသင်းတွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက မူးယစ်ဆေးဝါးအမျိုးအစားများနှင့် ဆိုးကျိုးအန္တရာယ်အကြောင်းကိုလည်းကောင်း ဟောပြောကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား အသင်းအမှုဆောင်များဖြစ်သော ဒေါ်သင်းသင်းဦး၊ ဦးဝင်းမင်းလှိုင်တို့က မေးခွန်းများ မေးမြန်းကြပြီး ဖြေဆိုသူများအား ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၇၀)

---

# ကျိုင်းတုံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၆

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၄ ရက် ညနေ ၆ နာရီ ၅ မိနစ်က သက်သေများနှင့်အတူ ကျိုင်းတုံမြို့နယ်၊ နမ့်နော်လားဟူရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ ကျားရှဲဆိုသူအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျားရှဲ(၂၈)နှစ်ဆိုသူအား ကျိုင်းတုံ မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀

# ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပူဆယ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် စစ်ကိုင်းတိုင်းပူဆယ်အသင်းများအား အောင်နိုင်ရေး အလံပေးအပ်



မုံရွာ ဩဂုတ် ၆

အားကစားဖြင့် နိုင်ငံ့ဂုဏ်အား မြှင့်တင်နိုင်သည့် နိုင်ငံ့ဂုဏ်ဆောင်ကစားသမားကောင်းများဖြစ်အောင် ကြိုးစားယှဉ်ပြိုင်သွားကြရန် လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုက်တွန်းပြောကြားသည်။

မုံရွာမြို့တွင် ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီးပူဆယ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက မုံရွာမြို့၊ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပရာ ဝန်ကြီးချုပ်က တိုက်တွန်းပြောကြားခြင်းဖြစ်သည်။

"အရင်နှစ်က အတွေ့အကြုံကိုရယူပြီး မလိုလားအပ်တဲ့ အမှားမျိုးမဖြစ်အောင် ကြိုတင်ပြင်ဆင်ပြီး ပြတ်သားတဲ့ အရှုံး၊ အနိုင်ရလဒ်ပေါ်ထွက်အောင် ကြိုးစားယှဉ်ပြိုင်သွားကြဖို့ လိုအပ်ပါတယ်။ ပြိုင်ပွဲကျင်းပရေး ကော်မတီက ထုတ်ပြန်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေကို လေးစားလိုက်နာသွားကြဖို့၊ မိမိတစ်ဦးချင်းအောင်နိုင်ရေး၊ မိမိတို့ တိုင်းဒေသကြီးအသင်းအောင်နိုင်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ခဲ့ကြဖို့ လိုအပ်ပါတယ်။ အားကစားသမားများအနေနဲ့ ပြိုင်ပွဲတိုင်း အနိုင်မခံအရှုံးမပေးတဲ့ ဖွဲ့စိတ်ဓာတ်နဲ့ အောင်မြင်မှုများရရှိအောင် အစုပြိုင်ပွဲကနေ ကြိုးစားပြီး စည်းမျဉ်း၊စည်းကမ်းပေါင်ထဲက တရားမျှတစွာ ကြိုးစားယှဉ်ပြိုင် ကစားသွားကြဖို့ လိုပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ပူဆယ်လက်ရွေးစင် အမျိုးသား၊ အမျိုးသမီး အားကစားသမားများသည် ယခင်နှစ်က အမျိုးသားအသင်းသည် ဆီမီးဖိုင်နယ်၊ အမျိုးသမီးအသင်းသည် ကွာတားဖိုင်နယ်အဆင့်အထိ ရောက်ရှိခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ပူဆယ်အသင်းနည်းပြများနှင့် အသင်းအုပ်ချုပ်သူတို့ထံ ဂုဏ်ပြုထောက်ပံ့ငွေနှင့် အောင်နိုင်ရေးအလံပေးအပ်ပြီး တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီးပူဆယ်အသင်းအုပ်ချုပ်သူက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

(အပေါ်ဝဲပုံ) (၃၉၄)



## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်းဖွင့်ပွဲ ကျင်းပ

အောင်လံ ဩဂုတ် ၆

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊သကြားစက်ရုံ (ဒုရင်ဗိုလ်) တို့ပူးပေါင်းဖွင့်လှစ်ပို့ချသည့် (၁/၂၀၂၄)လယ်ယာသုံးစက်ကိရိယာမောင်းနှင် ထိန်းသိမ်းမှု(အခြေခံ)သင်တန်း ဖွင့်လှစ်ပွဲအခမ်းအနားကို ဩဂုတ် ၅ ရက် နံနက် ၉နာရီက အောင်လံမြို့၊ အမှတ်(၁၀)စက်မှုလယ်ယာစခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အောင်လံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်နိုင်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် လယ်ယာလုပ်ငန်းကို အခြေပြုပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ်ဆောင်ရွက်ကြတဲ့ လူအများစုဟာ တောင်သူလယ်သမားများဖြစ်ပြီး လယ်ယာလုပ်ငန်းဟာလည်း နိုင်ငံတော်ရဲ့ အဓိကထုတ်ကုန်လုပ်ငန်းကြီးတစ်ခုဖြစ်သောကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပြီး ရေမြင့်ကြာတင့်သည့်ပမာ နိုင်ငံတော်စီးပွားရေး တောင့်တင်းခိုင်မာလာမှာဖြစ်ကြောင်း ပြောကြားခဲ့ပြီး၊ အမှတ်(၁၀) စက်မှုလယ်ယာစခန်း၊ အောင်လံမြို့၊ မြို့နယ်ဦးစီးဌာနမှူးမှ သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် သင်တန်းသားများ မှတ်တမ်းတင် အမှတ်တရဓာတ်ပုံရိုက်ကူးခဲ့ကြပြီး၊ Good Brother ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက တက်ရောက်လာသော သင်တန်းသားများအား လယ်ယာသုံး စက်ကိရိယာများအကြောင်း အကျယ်တဝံ့ ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

အာကာ(ပြန်/ဆက်)

## စာဖတ်ရှုမြှင့်တင်ရေး အသိပညာပေးဟောပြော

မိုင်းဖြတ် ဩဂုတ် ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၁၀ နာရီက စာဖတ်ရှုမြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲများ ပြသခြင်းကို မူလွန်(ကွက်သစ်)၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် ပြင်ပဗဟုသုတစာပေများကို လေ့လာဖတ်ရှုနိုင်ရေး၊ စာဖတ်သူသည် လူအများကြားစကားပြောဆိုရာတွင် ရဲဝံ့စွာပြောဆိုနိုင်ကြောင်း၊ စာပေမြင့်မှ လူမျိုးတင့်သည် ဆိုသည့်အတိုင်း နေ့စဉ် အားလပ်ချိန်များတွင် ကျောင်းစာကြည့်တိုက်(သို့မဟုတ်) ကျေးရွာစာကြည့်တိုက်များတွင် စာပေများ လေ့လာဖတ်ရှုနိုင်ရေးနှင့်စပ်လျဉ်း၍ ပညာပေး ပြောကြားခဲ့သည်။

ဆက်လက်၍ ဟောပြောပွဲအပြီးတွင် မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်ပြပွဲများကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

# AA အကြမ်းဖက်သောင်းကျန်းသူများက မောင်တောမြို့ရှိ ပုစွန်ကန်အနီးတွင် ယာယီနေရပ်စွန့်ခွာနေသော ဘင်္ဂါလီလူမျိုးများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ အမျိုးသမီးများအား အဓမ္မပြုကျင့်သတ်ဖြတ်ခြင်းများ လုပ်ဆောင်ခဲ့သည့် ဗီဒီယိုဖိုင်များ ထွက်ပေါ်

နေပြည်တော် ဩဂုတ် ၆

AA အကြမ်းဖက်သောင်းကျန်းသူများသည် ရခိုင်ပြည်နယ်အတွင်း မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း လက်နက်ကြီးများ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများအား ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဩဂုတ် ၅ ရက်တွင် ရခိုင်ပြည်နယ် မောင်တောမြို့(အမှတ်-၂)ဖော်ယာဓိရွာ အနောက်ဘက်ကန်စည်းရိုးနားရှိ ပုစွန်ကန်ပေါင်တွင် AA အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် ယာယီနေရပ်စွန့်ခွာပြီး တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်ရန် လုပ်ဆောင်နေကြသည့် ဘင်္ဂါလီလူမျိုးများ ကလေးငယ်များအပါအဝင် လူအစုလိုက်အပြုံလိုက်ကို လူမဆန်စွာ ရက်ရက်စက်စက် နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်ခဲ့သည်။ ထို့ပြင် ဘင်္ဂါလီအမျိုးသမီးငယ်များကို အဓမ္မပြုကျင့်ပြီးသတ်ဖြတ်ခဲ့ကြောင်း သိရသည်။

AA အကြမ်းဖက်သောင်းကျန်းသူများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတကာမှ သိရှိသွားမည်ကိုစိုးရိမ်သဖြင့် တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်ရန် လုပ်ဆောင်နေကြသည့် ဘင်္ဂါလီလူမျိုးများကို ယခုကဲ့သို့ လူမဆန်စွာရက်ရက်စက်စက် သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး ထိုသို့သတ်ဖြတ်ခဲ့သည့် ဗီဒီယိုဖိုင်များ လူမှုကွန်ရက်တွင် ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်






# နိုင်ငံတကာ အားကစား သတင်းများ

## 2024 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဩဂုတ် ၁၁ ရက်တွင် စတင်မည်



ဝါရှင်တန် ဩဂုတ် ၆

အမေရိကန်နိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသား၊ အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Cincinnati Open တင်းနစ်ပြိုင်ပွဲ လာမည့် ဩဂုတ် ၁၁ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2024 Cincinnati Open တင်းနစ်ပြိုင်ပွဲကို ဩဂုတ် ၁၁ ရက်မှ ၂၀ရက်အထိ ၁၀ ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2024 Cincinnati Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

Cincinnati Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic နှင့် အမေရိကန် တင်းနစ်မယ် Coco Gauff တို့ ဖြစ်သည်။

(ဝဲပုံ)

(NGB)

0-0-0-0-0-0-0

## နီကလပ်စ်ဖူးကရုချ်အား ဝက်စ်ဟမ်းအသင်း ခေါ်ယူ

လန်ဒန် ဩဂုတ် ၆

ဝက်စ်ဟမ်းအသင်းသည် ဒေါ့မွန်အသင်း တိုက်စစ်မှူး နီကလပ်စ်ဖူးကရုချ်အား ယူရို ၂၇ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက် ၃၁ နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဒေါ့မွန်အသင်းနှင့်အတူ ၂၀၂၈ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။



တိုက်စစ်မှူး နီကလပ်စ်ဖူးကရုချ်သည် ဒေါ့မွန်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၃ပွဲကစားပြီး ၁၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ငါးဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## အလက်ဆစ်ဆန်းချက်ဇ်အား ခေါ်ယူရန် အူဒီးနီစ်အသင်း စီစဉ်



တူရင် ဩဂုတ် ၆

အူဒီးနီစ်အသင်းသည် လက်ရှိအချိန် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက် ၃၅ နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ကစားသမားဘဝတစ်လျှောက်တွင် အာဆင်နယ်၊ မန်ချက်စတာယူနိုက်တက်၊ အင်တာမီလန်၊ မာဆေးလ် စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားခဲ့ဖူးပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် အူဒီးနီစ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်ကလည်း အူဒီးနီစ်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိနေသည်။

ထို့ကြောင့် အူဒီးနီစ်အသင်း အနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် အလက်ဆစ်ဆန်းချက်ဇ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(အပေါ်ဝဲပုံ)

(NGB)



## ဆီဗီလာအသင်းက ဖူလ်ဟမ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

မက်ဒရစ် ဩဂုတ် ၆

နိုင်ငံတကာကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဆီဗီလာအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆီဗီလာအသင်းက ဖူလ်ဟမ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆီဗီလာအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂မိနစ်နှင့် ၄၅မိနစ်တွင် ရိုမီယိုက သွင်းယူပေးခဲ့သည်။ ဖူလ်ဟမ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုမူ ပွဲချိန် ၅၂မိနစ်တွင် စမစ်ရိုစ်က သွင်းယူပေးခဲ့သည်။

ဆီဗီလာအသင်းသည် နိုင်ငံတကာကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၁၁ ရက်တွင် လီဗာပူးအသင်းနှင့်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ဂျာအိုနီပက်စ် ပီအက်စ်ဂျီအသင်းတွင် ကျောနံပါတ် ၈၇ ဂျာစီအား ဝတ်ဆင်ကစားမည်

ပါရီ ဩဂုတ် ၆

ကွင်းလယ်ကစားသမားသစ် ဂျာအိုနီဗက်စ် ပီအက်စ်ဂျီအသင်းတွင် ကျောနံပါတ် ၈၇ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဘင်ဖီကာအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို သန်း ၇၀ဖြင့် ၅နှစ်+ တစ်နှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်ကစား ဂျာအိုနီဗက်စ်သည် ဘင်ဖီကာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၅ပွဲကစားပြီး ၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက် ၁၉ နှစ်အရွယ်ရှိ ဂျာအိုနီဗက်စ်က "ကျွန်တော် ပီအက်စ်ဂျီအသင်းမှာ ကျောနံပါတ် ၈၇ ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ အခုလို ကြီးကျယ်ခမ်းနားတဲ့ အသင်းတစ်သင်းကို ပြောင်းရွှေ့ခွင့်ရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ လာမည့်ဘောလုံးရာသီမှာ အောင်မြင်မှုတွေရရှိဖို့ အစွမ်းကုန် ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (အောက်ပုံ) (NGB)



## ဇာဗီဆိုင်မွန်စ်အား တစ်ရာသီအငှားစာချုပ်ဖြင့် လိုက်ပဇစ်အသင်း ခေါ်ယူ

ပါရီ ဩဂုတ် ၆

ဘွန်ဒက်လီဂါကလပ် လိုက်ပဇစ်အသင်းသည် ပီအက်စ်ဂျီအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဇာဗီဆိုင်မွန်စ်အား နောက်ထပ်တစ်ရာသီအငှားစာချုပ်ဖြင့် ထပ်မံခေါ်ယူခဲ့သည်။



အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း ပီအက်စ်ဂျီ အသင်းမှ လိုက်ပဇစ်အသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၄၃ပွဲကစားပြီး ၁၀ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက နောက်ထပ်တစ်ရာသီ အငှားဖြင့် ထပ်မံခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက် ၂၁ နှစ်အရွယ်ရှိ ဇာဗီဆိုင်မွန်စ်က "ကျွန်တော် လိုက်ပဇစ်အသင်းသို့ နောက်ထပ် တစ်ရာသီအငှားဖြင့် ရောက်ရှိခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ လာမည့် ဘောလုံးရာသီမှာလည်း ဆုတံဆိပ်တွေ ရယူနိုင်ဖို့ ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(ဝဲပုံ)

(NGB)

0-0-0-0-0-0

## ရီကာဒိုရိုဒရီဂွက်ဇ်အား ၂နှစ်စာချုပ်ဖြင့် ရီးရဲလ်ဘက်တစ်အသင်း ခေါ်ယူ

မက်ဒရစ် ဩဂုတ် ၆

ရီးရဲလ်ဘက်တစ်အသင်းသည် တိုရီနိုအသင်း နောက်ခံကစားသမား ရီကာဒိုရိုဒရီဂွက်ဇ်အား အလွတ်ပြောင်းရွှေ့ကြေးဖြင့် နှစ်နှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက် ၃၁ နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် တိုရီနိုအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၉ပွဲကစားပြီး ၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်ဘက်တစ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ရီးရဲလ်ဘက်တစ်အသင်း ထုတ်ပြန်ချက်တွင် "ရီကာဒိုရိုဒရီဂွက်ဇ်အား နှစ် နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို ရလဒ်ကောင်းတွေ ရရှိအောင် အစွမ်းကုန်ကြိုးစားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားမှာပါ"ဟု ထုတ်ပြန်သည်။

(အောက်ပုံ) (NGB)



## နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | | |
|---|---|---|---|---|
| ၇-၈-၂၀၂၄ ဗုဒ္ဓဟူးနေ့ | ညနေ ၆း၃၀ နာရီ | ကစ်ချီ(ဟောင်ကောင်) | - | အက်သလက်တီကို(စပိန်) |
| ။ | ည ၁၁း၀၀ နာရီ | စတန်းဂရက်စ်(ဩစတြီးယား) | - | ပီအက်စ်ဂျီ(ပြင်သစ်) |
| ။ | ည ၁၁း၃၀ နာရီ | အာဆင်နယ်(အင်္ဂလန်) | - | လေဗာကူဆင်(ဂျာမနီ) |
| ၈-၈-၂၀၂၄ ကြာသပတေးနေ့ | နံနက် ၀၁း၀၀ နာရီ | ဗီလာ(အင်္ဂလန်) | - | ဘီလ်ဘာအို(စပိန်) |
| ။ | ။ | ဆောက်သမ်တန်(အင်္ဂလန်) | - | လာဇီယို(အီတလီ) |
| ။ | ။ | အင်တာမီလန်(အီတလီ) | - | အယ်လ်အီတီဟတ်(ဆော်ဒီအာရေဗျ) |

## ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(တတိယအဆင့်)(ပ-ကျေ)ခြေစစ်ပွဲစဉ်များ နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|
| ၇-၈-၂၀၂၄ ည ၁၁း၃၀ နာရီ | ဆလားဘီးယားပရပ်ဂ်(ချက်) - ယူနီယံစိန့်(ဘယ်လ်ဂျီယံ) | — |
| ၈-၈-၂၀၂၄ နံနက် ၀၁း၀၀ နာရီ | ဆလိုဗန်(ဆလိုဗက်ကီးယား) - အေပိုးလ်(ဆိုက်ပရပ်စ်) | ဆလိုဗန် ၀-၂ အေပိုးလ် အေပိုးလ် ၀-၀ ဆလိုဗန် |
| ၈-၈-၂၀၂၄ နံနက် ၀၁း၁၅ နာရီ | ဂျာဂျီလိုနီးယား(ပိုလန်) - ဘိုဒို(နော်ဝေ) | — |





# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတက္ကသိုလ်တွင် ကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနားသို့ တက်ရောက်

**မန္တလေး ဩဂုတ် ၆**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေလေ့လာဖတ်ရှုရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှ ရရှိသော အသိပညာ ဗဟုသုတများကို ပြန်လည်အသုံးချမျှဝေနိုင်ရန် ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင်ရှိ မန္တလေးတက္ကသိုလ်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူးများ)၊ တိုင်းပညာရေးမှူးနှင့် ဆရာ၊ ဆရာမများ၊ ကိုယ်ပိုင်ကျောင်းများမှ တည်ထောင်အုပ်ချုပ်သူများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့၊ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းနှင့် တာဝန်ရှိသူများက မန္တလေးတက္ကသိုလ် ပင်မဆောင်ရှေ့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

၎င်းနောက် အခမ်းအနားကို အဆိုပါတက္ကသိုလ်ရှိ အင်း၀(၉) ခန်းမတွင် ဆက်လက်ကျင်းပရာ မန္တလေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး "နိုင်ငံ့အကျိုးအတွက် မျှော်မှန်းရည် ခိုင်မာတိုးတက်စေရမည်" Video Clipကို ပြသသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ လမ်းညွှန်ထောက်ပံ့မှုတို့ဖြင့် မန္တလေးတိုင်းဒေသကြီးတွင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို ၂၀၂၄ ခုနှစ် ဇွန်လမှစ၍ ဒီဇင်ဘာလအထိ (၁၂)ကြိမ် ကျင်းပသွားမည်ဖြစ်ပြီး မန္တလေးတက္ကသိုလ်၌ ကျင်းပသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သည် တိုင်းဒေသကြီးအတွင်း စတုတ္ထအကြိမ်ကျင်းပသည့် ပွဲတော်ဖြစ်ပါကြောင်း၊ စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးသည် အလွန်အရေးကြီးပြီး စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်လူရွယ်များအတွက် အဓိကရည်ရွယ်ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနားသည် လူငယ်များအပါအဝင် ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများကို စာဖတ်ကြစေရန်၊ စာပေလေ့လာဖတ်ရှုနိုင်သည့် ပတ်ဝန်းကျင်များ ဖန်တီးဖော်ဆောင်ပေးရန်အတွက် အားတစ်ခုလည်း ဖြစ်ပါကြောင်း၊ စာတတ်ရုံ၊ အတတ်ပညာ ပြည့်ဝရုံသာမက ဗလငါးတန်နှင့်ကြွယ်ဝသည့် လူငယ်များ ပေါ်ထွက်လာစေရန် အားလုံးက ဝိုင်းဝန်းကြိုးစား ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စာရေးဆရာ တက္ကသိုလ်မောင်သင်းက စာပေဟောပြော ဆွေးနွေးပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ဂုဏ်ပြုချီးမြှင့်ငွေများကို မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်ထံသို့လည်းကောင်း၊ အလှူရှင်များက အလှူငွေများကို မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်ထံသို့လည်းကောင်း ပေးအပ်၍ မန္တလေး

**စာမျက်နှာ ၁၃ သို့ ■**











■ စာမျက်နှာ ၁၂ မှ

တက္ကသိုလ်ပါမောက္ခချုပ်နှင့်အလှူရှင်များက စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များ လှူဒါန်းရာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက လက်ခံရယူခဲ့သည်။

၄င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ခင်းကျင်းပြသထားသော စာအုပ်၊ စာစောင်များ၊ ဌာနဆိုင်ရာပြခန်းများ၊ ဓာတ်ပုံပြပွဲများနှင့် ဘာသာရပ်အလိုက် သင်ကြားရေးဌာန ၂၀ မှ သုတေသနပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း၊ အခမ်းအနား၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်ပြပွဲ၊ပြိုင်ပွဲများ ကျင်းပရခြင်းကိုလည်းကောင်း၊မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက ကျေးဇူးတင်စကားကိုလည်းကောင်းပြောကြားခဲ့ကြောင်း၊ ပြိုင်ပွဲများနှင့် ဖျော်ဖြေပွဲများဖြင့် ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်းနှင့် ဆုရရှိသူများကိုလည်း ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

















# သီချင်းမဆိုရမနေနိုင်တဲ့ နိုင်ငံကျော်အဆိုတော် ရီရီခင်

(၆-၈-၂၀၂၄) စာမျက်နှာ-၁၇ မှအဆက်

ထိုစဉ်က ရုပ်မြင်သံကြား မပေါ်သေးသဖြင့် တေးသံရှင်ကို ပရိသတ်များက မမြင်ဘူးကြသေး။ ဤသည်ကို အခွင့်ကောင်း ယူကာ မိန်းကလေးတစ်ယောက်က သူ့ကိုယ်သူ အဆိုတော် ရီရီခင် ပါဆိုပြီး မလေးလက်ခုတ်သံသီချင်းသီဆိုပြကာ နယ်တကာလှည့်၍ လုပ်စားလာခဲ့သည်။ ထို့ကြောင့် မလေးလက်ခုတ်သံ၏ အဆက် မလေးလက်ရာသီချင်းကို အသစ်ထပ်မံ ရေးစပ်သီဆိုပြလိုက်တော့မှ ရီရီခင်အတုမှာ ရီရီခင်အစစ်၏ ဆိုနည်း၊ ဆိုဟန်ကို မီအောင် လိုက်မဆိုနိုင်တော့ဘဲ ပျောက်ကွယ်သွားခဲ့သည်။

ဥယျာဉ်မှူးသည် မိမိယုယစွာ စိုက်ပျိုးထားသောပန်းကို ဆွတ်ယူပန်ဆင်လိုက်သည်။ ဂီတမြတ်နိုးမှု၊ ကျေးဇူးသိတတ်မှု၊ ဆရာကို လေးစားမှုတို့ကြောင့် ကျေးဇူးတရားနှောင်ကြိုးဖြင့် သိမ်းပိုက်မှုမှ ရုန်းထွက်ချင်ပေမယ့် မရုန်းထွက်ဖြစ်ခဲ့။ သေတပန် သက်တစ်ဆုံး မေတ္တာထားကာ ပြုစုယုယပေးခဲ့သည်။

'ချစ်ပါတယ် ကြိုက်ပါတယ် ချိုသော စကားများဆိုသူရယ် အသက်ငယ်ငယ် ကျွန်မအရွယ်မယ် စိတ်ကူးလို့ဖြင့် ပိုနေမယ်၊ သူ့လိုရာအကြိုက်သဘော ကျွန်မနဂိုမှာ လိုက်လျောမရတယ်' ဟု အားတင်းပေမယ့် မရခဲ့။

'ကိုယ့်ဘဝကို ခင်တွယ် ပန်းလိုပျိုးကာ မြတ်နိုးတယ်၊ ချမ်းမြေ့စွာနေမယ် စိုစိုပြည်ပြည် ရွှင်လန်းတယ်၊ ခွင့်လွှတ်စေချင်တယ်၊ ကျွန်မမှာ နုနယ်သိမ်မွေ့အရွယ်၊ သမုဒယ နှောင်ကြိုးမယ်၊ ခင်မင်လိုသူ အဖြေပေးတယ်'ဟုဆိုကာ မေတ္တာပန်းပွင့်ကို ဆွတ်ယူခွင့်ပေးလိုက်ရသည်။

ညခင်းသာယာ လမင်းစန္ဒာ ကမ္ဘာကုန်ကျယ်သရွေ့သာ ငွေရောင်အဆင်းမှာ ဝင်းပကြည်စွာ ဒီအချိန်မှာ တစ်ကိုယ်ရေတွေး မေ့စက်မပျော်အားသာ။

လေလွင့်စိတ်ဟာ ရောက်တတ်ရာရာ မယ့်သဉ္ဇာခန်းမဆောင်ထက်မှာ ချစ်ငွေ့ဝေတော မျှော် မျှော်သူအရေးမှာ အတွေးနယ်မှာပဲ တဝဲလည်ခါ ဖြစ်ခဲ့ရသည်။

ပြောလိုက်ပါစန္ဒာ ချစ်သူရှိရာသာ ချစ်လျှင်ပြုံးပြုံး မုန်းလျှင်လုံးလုံး ရလိုသူအဖြေသာ သဘောက ကြည်ဖြူစွာမနှောက တည်သူမှာ ဝမ်းနည်းဝမ်းသာ ခံယူမည်သာ ခိုင်မြဲအသိတရား ထားလျက်ပါ ပြောလိုက်ပါစန္ဒာ သနားစရာလုံမေပါ ဟူသောပြောလိုက်ပါစန္ဒာသီချင်းကဲ့သို့ မေတ္တာငတ်၍ သနားစရာလုံမေတစ်ယောက် ဖြစ်ခဲ့ရသည်။

'စကားမြင်းမိုရ်ပမာတင် အားနွဲ့သူယုံသရှင် ချစ်တဲ့အရေး ကြိုက်တဲ့အရေး တွေး အတွေးနယ်ချဲ့ကာယဉ် သူ့အပေါ်တွင် အထင်ကြီးမိတာ မှားမိပြီထင် ရှိပါစေတော့ ရှိပါစေတော့ရှင်' ဟု ကြိတ်မှိတ်ကာ ဖြေသိမ့်ခဲ့ရရှာသည်။

ချစ်ခရီးရှည်ကြာ ချစ်သောကမ္ဘာမှာ စောင့်မျှော်လျက်ပါ ထိုအခါ မေသာပင် တမ်းတအဖြေရှာ မေတ္တာရွှေမိုး သွန်းဖြိုးခြင်းသာ ဆန္ဒပြုသော ခရီးသည်ပမာ နွမ်းလျမရွှင်သာ ပြုစုလို့သာ တစ်သက်သာ လိုသောဆန္ဒ ထိုဘဝရှိကြအမြဲသာဟု ကိုယ့်ချစ်သူနှင့် နှစ်ကိုယ်တူ မေတ္တာမိုး သွန်းဖြိုးလိုသောဆန္ဒများ ပြင်းပြနေသော်လည်း အခွင့်ကမသာ လွမ်းလျက်ညှိုးငယ်စွာသာ နေခဲ့ရသော နေ့ရက်တွေလည်း များစွာရှိခဲ့သည်။ "လောက ထုံးစံ၊ လောကဓံက မကြဲလည်းဖြစ်၊ ကြဲလည်းနှစ်တတ်သည် မဟုတ်ပါလား။"

"ပြောလိုက်ပါစန္ဒာ စောင့်၍နေသူမှာ ဩော် ရက်လကြာ ပြောလိုက်ပါစန္ဒာ ချစ်၍သာမျှော်ကာ သဲသဲကွဲကွဲ ကြားသိလိုခဲ့တာ"

ဤပြောလိုက်ပါစန္ဒာ သီချင်းကို ရေဒီယိုမှလွှင့်တိုင်း တစ်ယောက်တည်း နားထောင်ပြီး စွဲလမ်းနှစ်သက်နေသူကား ပရိသတ်များအသည်းစွဲ ရုပ်ရှင်မင်းသား အဆိုတော် ဝင်းဦးတည်း။ ထို့ကြောင့် မန္တလေးသို့ သူရောက်လာစဉ် "ပြောလိုက်ပါစန္ဒာ" သီချင်းဆိုတဲ့ ရီရီခင်ရဲ့ အသံကို ကျွန်တော်သိပ်ကြိုက်တာပဲ၊ ဖြစ်နိုင်ရင် ရီရီခင် ကိုယ်တိုင် ရန်ကုန်ကို ဆင်းလာခဲ့စေချင်တယ် သူ့ကို ကျွန်တော် ဓာတ်ပြားသွင်းပေးချင်လို့ပါဟု မိုးကေသီ ဂီတမှူး ဦးဘိုခင်အား မှာကြားသွားခဲ့သည်။

သို့ဖြင့် မန္တလေးသူရီရီခင်မှာ မျှော်လင့်ချက်ကြီးစွာဖြင့် ရန်ကုန်သို့ ဆင်းလာခဲ့သည်။ သို့သော် ရန်ကုန်ရောက်တော့ ဝင်းဦးနှင့် မတွေ့ရ။ ဝင်းဦးမှာ မမျှော်လင့်ဘဲ ပေါ်ပေါက်လာသော ပြဿနာ အချို့ကို ရင်ဆိုင်ဖြေရှင်းပေးနေရခြင်းကြောင့်ဖြစ်သည်။ ရန်ကုန်မှာ မျက်စိသူငယ်၊ နားသူငယ်ဖြစ်နေစဉ် ကံအားလျော်စွာ ဝမ်းမြောက်ဖွယ်ရာ အခွင့်အလမ်းတစ်ခု ရုတ်တရက် ပေါ်လာသည်။ ယင်းကား ဒေါ်ရီရီ၏ အောင်ကျက်သရေ ဓာတ်ပြားကုမ္ပဏီမှ ဓာတ်ပြားသွင်းပေးရန် ကမ်းလှမ်းလာခဲ့ခြင်းပင်ဖြစ်သည်။ ရီရီခင်လည်း မလေးလက်ခုတ်သံ၊ မလေးလက်ရာ၊ ကောက်စိုက်မနဲ့ ကိုလူပျို စသော သူ၏ နာမည်ကျော်တေးသီချင်းများကို သီဆိုအသံသွင်းပေးပြီး "ရောင်းတမ်းဓာတ်ပြား" လောကထဲသို့ စတင်ခြေချလာနိုင်ခဲ့သည်။

'သားရယ် သမီးရယ် ဇနီးသည် ခင်ပွန်းလင်သည် ဆွေရယ် မျိုးရယ် ချစ်ကြိုးသွယ်သွယ် နှောင်ဖွဲ့လေတယ် မရုန်းနိုင် မထွက်နိုင် မြဲခိုင်လှတဲ့ သံသရာခရီးသည်'

တစ်နေ့တွင် ခေတ်ဟောင်းအဆိုတော် မေလှမြိုင်၏ သံသရာခရီးသည် သီချင်းကို ရေဒီယိုမှ ထုတ်လွှင့်ပေးနေသည်။ ရေဒီယိုလေးဘေးချပြီး ထိုသီချင်းအား ခုံမင်နှစ်ခြိုက်စွာ နားထောင်နေသူကား မန္တလေးမြို့ ထင်းဝင်းရပ်မှ အသားညိုညို ပိန်ပိန်ပါးပါးနှင့် မလှမြိုင်အမည်ရှိ ကောင်မလေးတစ်ယောက်။ ကောင်မလေးသည် သီချင်းနားထောင်ပြီးသည်နှင့် သံသရာခရီးသည် သီချင်းကို ရေးစပ်သူ ဦးဘိုခင်ထံသွား၍ ထိုတေးအား သူကိုယ်တိုင် ပြန်ဆိုချင်ပါသည်ဟု ရဲတင်းပွင့်လင်းစွာ တောင်းဆိုလိုက်သည်။ ထိုကောင်မလေးကို မည်သူဟု ထင်ပါသနည်း။ ဇာတာအမည် မလှမြိုင်ဟု ခေါ်တွင်ပါရှိသော ရီရီခင်သာလျှင် ဖြစ်ပါသတည်း။

သို့ဖြစ်ပါ၍ ဦးဘိုခင်တစ်ယောက်တည်း ရေးသားစီစဉ်သည့် ငွေစင်ရော်အမည်ရှိ တေးစီးရီးခွေတွင် သံသရာခရီးသည်သီချင်းကို သူပြန်လည်သီဆိုဖြစ်ခဲ့သည်။ ထိုအခွေထွက်ပြီး မကြာမီ သံသရာခရီးသည် သီချင်းကို သီဆိုရိုက်ကူးပေးရသည်။ သီဆိုရိုက်ကူးပေးနေစဉ် စတူဒီယိုထဲ၌ ဗိုလ်ကလေးတင့်အောင်တို့၊ ဂီတလုလင်မောင်ကိုကိုတို့ ရှိနေကြသည်။ ရိုက်ကူးပြီးသည်နှင့် အကယ်ဒမီ ဂီတ




လုလင်မောင်ကိုကိုက 'ဒီသီချင်း ကြိုက်တယ်ဗျာ၊ ရီရီခင်ဆိုတာလည်း ကောင်းတယ်။ မြန်မာ့အသံက အမြဲတမ်းလွှင့်မယ်' ဟု ဝမ်းသာအားရ ပြောကြားခဲ့သည်။

မေလှမြိုင် နှင့် မလှမြိုင်တို့၏ ရေစက်ကား ဤမျှသာမဟုတ်သေး။ ၁၉၈၉ ခုနှစ် တစ်ခုသော ညနေပိုင်းတွင် မန္တလေးရှိ ရီရီခင်ထံသို့ ရန်ကုန်အမြန်ဆင်းလာပါဟု မြန်မာ့အသံက အကြောင်းကြားလာသည်။ ရန်ကုန်ရောက်တော့ အဆိုတော် တင်တင်မြက ဓာတ်ပြားတစ်ချပ်ဖွင့်ပြသည်။

"ပြည်ထောင်စုကို မြိုင်တို့ရဲ့ပြည်ထောင်စုကို အသက်ပေးလို့ဖြင့်ကာကွယ်မယ့်သူတွေ ဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးသတဲ့လေ ဒါတို့ပြည် ဒါတို့မြေ ကြွေးကြော်သံကြီး မြည်ဟီးခိုင်မာပေ။

မေလှမြိုင် သီဆိုထားသော "မြန်မာ့ကြွေးကြော်သံ" သီချင်း။ အစကတည်းက မေလှမြိုင်ကို အားကျစွဲလမ်းပြီး မေလှမြိုင် ရူးရူးနေသော မလှမြိုင်(ခ)ရီရီခင်ကလည်း ချက်ချင်းပင် သီဆိုရိုက်ကူးပေးလိုက်သည်။ ရိုက်ကူးပြီးသော် နောက်ထပ်ဓာတ်ပြားတစ်ချပ်ကို ဆက်လက်ဖွင့်ပြပြန်သည်။

"ချောကညာပျိုတစ်သင်း ရေခပ်ဆင်းလာရာ သနပ်ခါးဘဲကြား အသည်းယားအောင်ပင်သာ ပလွေတိုတစ်ချောင်းနဲ့ ပျောင်းနွဲ့နွဲ့ လူပျိုခများ"

ဒါလည်း မေလှမြိုင်၏ နာမည်ကျော်သီချင်းတစ်ပုဒ်ပင်။ သီချင်းအမည်က 'စိမ်းလဲ့ကန်သာ'။ ရေးသူက ခေတ်ဟောင်းတေးရေးဆရာကြီး ရန်နိုင်ဆွေ။ စောစောက မြန်မာ့ကြွေးကြော်သံ သီချင်းကို ရေး သူမှာလည်း ရန်နိုင်ဆွေပင်ဖြစ်သည်။ ဤသီချင်းနှစ်ပုဒ်လုံးကို မြန်မာ့ရုပ်မြင်သံကြားမှ ရီရီခင်နှင့် ပြန်လည်ရိုက်ကူးထုတ်လွှင့်ပေးလိုက်သောအခါ မေ့မေ့လျော့လျော့ဖြစ်နေသည့် မေလှမြိုင်နှင့် ရန်နိုင်ဆွေ ကို ပြန်လည်သတိရလာကြသည်။

ထို့ကြောင့် ဆရာကြီးရန်နိုင်ဆွေက "မန္တလေးသူ ရီရီခင် ပြန်ဆိုပေးလိုက်တော့မှ ကျွန်တော့်ကို အားလုံးကပြန်ပြီး သတိရလာကြတယ်။ ရီရီခင်ကို ကျေးဇူးတင်တဲ့အကြောင်းတွေ့ရင် ပြောလိုက်ကြစမ်းပါဗျာ" ဟု သူမကွယ်လွန်မီ ပြောကြားသွားခဲ့ခြင်း ဖြစ်သည်။ မကြာမီ မလှမြိုင်(ခ)ရီရီခင်လည်း ယဉ်ကျေးမှုချစ်ကြည်ရေးခရီးအဖြစ် ပြည်ပနိုင်ငံများသို့ သွားခဲ့ရခြင်းဖြစ်သည်။ ရုပ်ရှင်မှ အကယ်ဒမီကျော်ဟိန်း၊ အကယ်ဒမီ စံရှားတင်တို့ပါသလို ဂီတမှ ကေတုဝင်းထွဋ်၊ စိမ်းမို့မို့၊ ခိုင်ဝါတို့ ပါဝင်ကြသည်။ မြန်မာ့ရုပ်မြင်သံကြားမှ ဦးလှဝင်း၊ ဦးကျော်စိုးဦး၊ ဒေါ်နွယ်မာဝင်း၊ ဒေါ်သန္တာခင်တို့ပါဝင်ကြသည်။ မန္တလေးမှ သူတစ်ဦးတည်း။ ရောက်လေရာ နိုင်ငံများတွင် သူ၏ကိုယ်ပိုင်တေးများဖြင့် ဂုဏ်ယူဝင့်ကြွားစွာ သီဆိုဖျော်ဖြေပေးခဲ့သည်။ တိုင်းတစ်ပါးသားတို့၏ လက်ခုပ်သံများကြားမှာ သူပြုံးပျော်နိုင်ခဲ့ရသည်။

ရွှေမိုးရွာစေ ငွေမိုးရွာစေ အောင်ကြောင်းဖြာဝေ ကောင်းချီးသြဘာသံ ကြွေးမလေ များဝေနေ သောတဆင်သူတွေ ကိုယ်စိတ်ရွှင်လန်းချမ်းမြေ့စေ မေတ္တာရေကြည်ဖျန်းပါတယ်လေ။

(ဆက်လက်ဖော်ပြပါမည်။)

တက္ကသိုလ်တေဇာလင်း



## ရတနာပုံတက္ကသိုလ်၌ ပညာ၏တန်ဖိုးအကြောင်း ဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၆**

ရတနာပုံတက္ကသိုလ်တွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များ ပညာအသိ၊ ပညာတန်ဖိုး၊ စာပေယဉ်ကျေးမှု၊ စာပေချစ်စိတ်တို့ကို မြတ်နိုးတန်ဖိုးထားတတ်စေရန် ရည်ရွယ်ချက်ဖြင့် စာပေ၊ ပညာ၏တန်ဖိုးအကြောင်း ဟောပြောပွဲကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီခွဲက အဆိုပါ တက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ဟောပြောပွဲသို့ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ၊ စီမံဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပါမောက္ခချုပ်က ဝမ်းမြောက်ဂုဏ်ယူစကားနှင့် ကျေးဇူးတင်အဖွင့်အမှာစကားပြောကြားပြီး ဆရာကြီး ဒေါက်တာမောင်သင်း၊ ပါမောက္ခချုပ်(ငြိမ်း)က "ပညာပါမှ အမြင့်သို့ ရောက်မှာ" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်ပြီး ဆရာကြီး ဒေါက်တာမောင်သင်းက ရတနာပုံတက္ကသိုလ်စာကြည့်တိုက်နှင့် ဘာသာရပ်စာကြည့်တိုက်များသို့ သုတစာပေ၊ ရသစာပေ၊ ပညာရပ်ဆိုင်ရာ(ပြည်တွင်း၊ ပြည်ပ)၊ သုတေသနဆိုင်ရာ၊ ပြဋ္ဌာန်းချက်ဆိုင်ရာ စသည့် စာအုပ်ပေါင်း ၈၅ အုပ်ကို ပေးအပ်လှူဒါန်းရာ ပါမောက္ခချုပ်က လက်ခံရယူခဲ့ပြီး ဟောပြောပေးပါသော ဆရာကြီး ဒေါက်တာမောင်သင်းအား ပါမောက္ခချုပ်က အမှတ်တရ ဂါရဝလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(ဝ၈၂)**





ဩဂုတ် ၆ ရက် Plan Load shed **အချိန်အတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် လသာလမ်း(အောက်)ရှိ** 400v line **နှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်း ခုတ်ထွင်ခြင်းလုပ်ငန်းအား ဒုတိယနေ့အဖြစ် လသာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်ဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့စဉ်။**

**(ကဆ)**

## အစာအုပ်စု(၃)အုပ်စု မူလတန်းဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် အထက်တန်းနှင့် အလယ်တန်းဆင့် ကျန်းမာရေးမေးခွန်း(၁၀၀)ဖြေဆိုခြင်း ကျင်းပ

**သရက် ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သရက်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ်(အကြို) လှုပ်ရှားမှု အစာအုပ်စု(၃)အုပ်စု မူလတန်းဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီက ရွှေဘုံသာ အခြေခံမူလတန်းကျောင်းတွင် ကျင်းပခဲ့ပြီး မြို့နယ်အတွင်းရှိ မူလတန်းကျောင်း (၁၀၇)ကျောင်းတွင် ကျင်းပခဲ့သည်။ **(အောက်ဝဲပုံ)**



အလားတူ အခြေခံပညာ အလယ်တန်းကျောင်း (၂၉)ကျောင်းနှင့် အထက်တန်းကျောင်း (၁၀)ကျောင်းတွင် ကျန်းမာရေးအတွက် မေးခွန်း(၁၀၀)ဖြေဆိုခြင်းများ ဆောင်ရွက်ခဲ့ရာ ခရိုင်ဆရာဝန်ကြီးနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကျောင်းသား၊ ကျောင်းသူများ ဆေးရောင်ခြယ်ပြိုင်နေမှုအား လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**စော်ထက်(သရက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ကျေးလက်ရှုခင်း

* နေခြည်ဖြာ နံနက်ခင်း
ယာခင်းထဲ ဆူဆူညံ ။
ပဲ ပြောင်း ဂျုံ ရိတ်ချိန်လေး
ဆိုတေးအသံ ။
ကွင်းလုံးပြည့် သီးအနှံ
ဖြစ်ထွန်းပြန် ပျော်ရွှင်မြူး ။
တလင်းပြင် ခါခါလှေ့
လေဇေ့ သုတ်ဖြူး ။

* နေပူပူ ထနောင်းရိပ်
မှေးမိုတ်လို့ နားခိုဝင် ။
ရေချမ်းစင် ကြည်ကြည်လေး
အေးမြကြည်လင် ။
နွားကျောင်းသား ပုလွေရှင်
ဆွဲငင်လို့ ကြူသံပေး ။
ဥဩပျို့ ပင်ယံထက်
ခွန်းဆက်ချိုတေး ။

* နေဝင်ချိန် တိမ်တောက်လို့
ပျို့ကြောက်တဲ့ သည်ချိန်ခါ ။
ခလောက်သံ ဆူညံပေး
တေးချင်းဟစ်ကာ ။
နွားပြာကြီး စီးလို့လာ
ဟန်ပါပါ ရှုမဝ ။
သက်ထားပျို့ မျက်နှာထားချို ပါးကွက်ကြားရယ်နဲ့
တစ်ဖက်သား ရှုမြင်ငေးကာပ
ယဉ်ကျေးစွာ အသွင်ထူးတယ် ကြည်နူးလှုပ ။ ။

မွှံ (သလ္လာမြေ)



## ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး ဟောပြော၊ စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ကျောက်ဆည် ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ဩဂုတ် ၅ ရက် မွန်းလွဲ ၂ နာရီက လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကလေးအလုပ်သမားဆိုသည်မှာ ကလေးဘဝ ရှေ့အလားအလာနှင့် ဂုဏ်သိက္ခာတို့ကို ကင်းမဲ့စေပြီး ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာသည့်အလုပ်မျိုးတွင် လုပ်ကိုင်နေရသူများကို ဆိုလိုကြောင်းနှင့် ထိုအလုပ်များတွင် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ(သို့မဟုတ်)စာရိတ္တပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေသည့် အလုပ်မျိုး(သို့မဟုတ်)၎င်းတို့ပညာသင်ကြားရေးကို ထိခိုက်နစ်နာစေမည့် ကျောင်းတက်ရန် အခွင့်အလမ်း ရွေးချယ်နိုင်မှုမရှိခြင်း၊ အချိန်မတိုင်မီ ကျောင်းမှထွက်ရခြင်း၊ ကျောင်းတက်ခြင်းနှင့်အတူ ပြင်းထန်လေးလံသော အလုပ်များကို အချိန်လွန်ကဲကြာမြင့်စွာ လုပ်ကိုင်ရခြင်းများအကြောင်း အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက အသက်(၁၆)နှစ်မပြည့်သေးသူကို သတ်မှတ်အလုပ်ချိန်ထက်ကျော်လွန်၍ အချိန်ပိုလုပ်ခွင့်မပြုရေး၊ အသက်(၁၆)နှစ်ပြည့်ပြီး အသက်(၁၈)နှစ် မပြည့်သေးသည့်သူကို အသက်မွေးဝမ်းကျောင်းသင်တန်းဆင်းလက်မှတ်၊ ကျန်းမာကြောင်း ဆရာဝန်၏ထောက်ခံချက်ဖြင့် အလုပ် လုပ်ခွင့်ပြုနိုင်ခြင်း၊ အန္တရာယ်ရှိသောအလုပ်များတွင် အလုပ်လုပ်ခွင့်မပြုရကြောင်း ဟောပြောဆွေးနွေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်စာစောင်များ၊ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး၊ အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းရေး အသိပညာပေး နံရံကပ်စာစောင်များကိုလည်း စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်းနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**စုစုအေး(ကျောက်ဆည်)**



## သတင်းပဒေသာ

### အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ယှဉ်ပြိုင်နိုင်ရေးအတွက်လုပ်ငန်းညှိနှိုင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်တွင် (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၅ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူနေအိမ်(၂)လုံးအတွက် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့စရိတ်ထောက်ပံ့

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ သရက်တောကျေးရွာအုပ်စု၊ မသိမ်ကျေးရွာ၌ ချောင်းမကြီး ချောင်းရေတိုက်စားမှုအန္တရာယ် ကျရောက်နိုင်သည့် လူနေအိမ်နှစ်လုံးအတွက် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့စရိတ်ထောက်ပံ့ခြင်းကို တာဝန်ရှိသူများက ဩဂုတ် ၅ ရက် မွန်းလွဲပိုင်းက သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စားအုန်းဆီများကို ဈေးနှုန်းသက်သာစွာ ဖြန့်ဝေရောင်းချပေး

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၌ ဩဂုတ် ၂ ရက် ညနေ ၄ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီမံကွပ်ကဲမှုဖြင့် မြို့နယ်ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ယူ၍ မြို့ပေါ်(၅)ရပ်ကွက်ရှိ အိမ်ထောင်စုဝင်ပြည်သူများအား စားအုန်းဆီများကို အိမ်ထောင်စုတစ်စုလျှင် စားအုန်းဆီ တစ်ပိဿာ ၆၆၀၀ ကျပ်နှုန်းဖြင့် ဈေးနှုန်းသက်သာစွာ ဖြန့်ဝေရောင်းချပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဆန်ရိက္ခာများ ဆက်လက်ထောက်ပံ့ပေးလျက်ရှိ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်အတွင်း ဒေသခံပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ဆန်ရိက္ခာများ ဆက်လက်ထောက်ပံ့ပေးခြင်းကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၌ ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့၊ မြို့ပေါ်ရပ်ကွက်များရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်တစ်နှစ်ခွဲအောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ဩဂုတ် ၅ရက် နံနက် ၉ နာရီက တာလေတိုက်နယ်ကျန်းမာရေးဌာန၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကလေးစာဖတ်ခန်းတွင် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်းတွင် ကလေးလူငယ်များ စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ဖြစ်ပေါ်လာစေရန်၊ အသိပညာဗဟုသုတတိုးပွားလာစေရန်၊ ကလေးစာကြည့်တိုက်အပေါ် စိတ်ပါဝင်စားလာစေရန်၊ ကလေးစာဖတ်ခန်းနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ ပြောဆိုဆွေးနွေးနိုင်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ ဩဂုတ် ၅ ရက် နံနက် ၉ နာရီက ကလေးစာဖတ်ခန်းတွင် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ကျင်းပပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးခြင်း ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၌ အသက်နှစ်လမှ တစ်နှစ်ခွဲအောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက် ၈ နာရီကစတင်၍ မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ရွှေစည်းခုံစေတီတော်အတွင်း ရွှေရည်ကြို သန့်စင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**ညောင်ဦး ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်လျက်ရှိရာ ကြာမှောက်၊ ကြာလန်နှင့် ရွှဲတို့၏ အစိတ်အပိုင်းများဖြစ်သော မိုးလျှော၊ အထက်ကြာနု၊ ကြာလန်နှင့် ကြာညှပ်တို့မှ အစိတ်အပိုင်းအချို့ကို ပထမအကြိမ် ရွှေရည်ကြိုသန့်စင်ခြင်းကို ဩဂုတ် ၂ ရက် နံနက် ၇ နာရီခွဲက ရွှေစည်းခုံစေတီ ပရဝုဏ်အတွင်း ရွှေရည်ကြို သန့်စင်ခြင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မိုးလျှော၊ အထက်ကြာနု၊ ကြာလန်နှင့် ကြာညှပ်တို့မှ ရရှိသော အစိတ်အပိုင်းအချို့ကို ပထမအကြိမ် ရွှေရည်ကြိုသန့်စင်ခြင်း ပြုလုပ်သည့်နေရာသို့ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် စီမံအဖွဲ့ဝင် ဦးဆန်းထွန်းဦး၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ တက်ရောက်စစ်ဆေးကြည့်ရှုခဲ့ကြောင်း၊ ဖြတ်စ၊ ဖြတ်နများဖြစ်သည့် မိုးလျှော ၁၄၆ ခု၊ အထက်ကြာနု ၉၅ ခု၊ ကြာလန် ၁၅၇ ခု၊ နှစ်ထက်ကြာညှပ် ၁၇၉ ခု၊ ရွှဲ ၃၅၁ ခု ဆောင်ရွက်ဆဲ၊ ကြာမှောက် ၁၀၆ခု ဆောင်ရွက်ရန်ကျန်၊ အောက်ကြာနု ၆၁ခု ဆောင်ရွက်ရန်ကျန်၊ စုစုပေါင်း ၁၀၈၆ ခုရှိပြီး၊ တပ်ဆင်ပြီးစီး အစိတ်အပိုင်းပေါင်း ၅၆၈ ခုတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(၄၈၁)**

## (၃၆)ကြိမ်မြောက် မဟာလောကရန်နိုင် အောင်တော်မူ အသံမစဲမဟာပဋ္ဌာန်းပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူမည်

**မန္တလေး ဩဂုတ် ၆**

မန္တလေးမြို့ အရှေ့ပြင်လုံးဆိုင်ရာ မဟာလောကရန်နိုင် အောင်တော်မူ မြတ်စွာဘုရား၊ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၆)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ကြည်၊ အတွင်းရေးမှူး ဦးကျော်မင်း၊ ရုံးအဖွဲ့မှူး ဦးထွန်းလွင်၊ အမှုဆောင် (၁၂) ဦးတို့က ကမ္မကထပြု၍ ကျောင်းတိုက်အသီးသီးမှ ပဓာနနာယက သံဃာတော်တို့၏ ဩဝါဒကို ခံယူပြီး စက်တင်ဘာ ၄ ရက်မှ ၉ ရက်ထိ ခြောက်ရက်တိုင် ကျင်းပပူဇော်သွားမည်ဖြစ်သည်။

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက် နှစ်ကျိတ်ရှစ်ဆူ ဓမ္မာရုံတွင် ကျောင်းတိုက်ဦးစီးပဓာန သကျသီဟ သာသန ဓဇ သဒ္ဓမ္မပါလ ဓမ္မာစရိယ သာသနာ့ လင်္ကာရ သာမဏေကျော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ ဣသရ လင်္ကာရာဘိဝံသ အမှူးပြုသော သံဃာတော်များက ပဋ္ဌာန်းကျမ်းမြတ်ကို ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။

မန္တလေးမြို့၊ ၆၃လမ်း၊ ၂၈ လမ်းနှင့်၂၉လမ်းကြား၊ အောင်တော်မူဘုရားရင်ပြင်တွင် စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ပင့်သံဃာ(၁၄၂)ပါးတို့အား သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်၍ ကိုယ်တိုင်ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**
**(၃၄၂)**



## မလွန်ဈေးဆန်လှူအသင်းကြီး ဆွမ်းဆန်တော်လောင်းလှူနိုင်ရေး ညှိနှိုင်းစည်းဝေး



**ပုသိမ်ကြီး ဩဂုတ် ၆**

မလွန်ဈေးဆန်လှူအသင်းကြီးသို့ ဆွမ်းဆန်တော်လောင်းလှူနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃ ရက် နံနက် ၉ နာရီက ပုသိမ်ကြီးမြို့ မလွန်ဈေးဆန်လှူအသင်းထောက်ဥက္ကဋ္ဌနေအိမ်၌ ကျင်းပရာ အသင်းနာယကများ၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ကြသည်။

ဆက်လက်၍ အသင်းနာယက ဦးမောင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး အသင်းထောက် ဥက္ကဋ္ဌ ဦးထွန်းခင်က ဆွမ်းဆန်တော်များရရှိရေးအတွက် အလှူခံထွက်ရှိမည့်နေရာနှင့် အချိန်များကိုလည်းကောင်း၊ ယခုနှစ်တွင် ဆွမ်းဆန်တော် ပိုမိုရရှိနိုင်ရေးအတွက် အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြပြီး အခမ်းအနားသို့ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကြသည်။

မန္တလေး၊ မလွန်ဈေးဆန်လှူအသင်းကြီးသည် နှစ်စဉ် တော်သလင်းလတွင် စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးကြီး(၃)ရပ်နှင့် မန္တလေး ခုနစ်မြို့နယ်ရှိ ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင်တို့အား ဆွမ်းဆန်တော်များ လောင်းလှူခဲ့ရာ (၁၂၈)နှစ်မြောက်အထိ ရောက်ရှိခဲ့ပြီးဖြစ်သည်။ ပုသိမ်ကြီးမြို့နယ် မလွန်ဈေးဆန်လှူအသင်းထောက်မှ နှစ်စဉ် ဆွမ်းဆန်တော်ခွဲဝင်အိတ်(၂၀၀)ကျော်နှင့် အလှူငွေ ငါးသိန်းကျပ် လှူဒါန်းနိုင်ကြောင်း အသင်းထောက် ဥက္ကဋ္ဌ ဦးထွန်းခင်က ပြောပြ၍ သိရသည်။ **(အပေါ်ဝဲပုံ)(၀၉၁)**

## အုတ်တံတိုင်းကာရန်နိုင်ရေးအတွက် အလှူတော်ငွေ ပေးအပ်

**ပခုက္ကူ ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ ပရိယတ္တိဗိမာန်စာဖြေဆောင် ခြံစည်းရိုးအုတ်တံတိုင်းကာရန်နိုင်ရေးအတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်ကြီးများနှင့် ဧည့်သည်တော်များက နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ကြသည်။

ဆက်လက်၍ ပခုက္ကူမြို့၊ မဟာဝိသုတာရာမ(အလယ်)တိုက် ဂဏဝါစက နာယကစာချ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တအရိယဝံသ(အဂ္ဂမဟာပဏ္ဍိတ)ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်ကြီးများက ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော ဂါထာတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပခုက္ကူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးအောင်နှင့် တာဝန်ရှိသူများက ပခုက္ကူမြို့၊ပရိယတ္တိဗိမာန် စာဖြေဆောင်ခြံစည်းရိုးအုတ်တံတိုင်းကာရန်နိုင်ရေးအတွက် အလှူတော်ငွေကျပ် ၁၅၂ သိန်းအား ပေးအပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပခုက္ကူမြို့၊ ပရိယတ္တိဗိမာန်စာဖြေဆောင် (တောင်ဘက်)ခြံစည်းရိုးအုတ်တံတိုင်းကာရန်ခြင်းလုပ်ငန်း(အလျား ၃၂၅ ပေ၊အမြင့် ၆ပေ)အတွက် ဌာနဆိုင်ရာများ၊ ပခုက္ကူကုန်သည်ပွဲစားများအသင်း၊ ဆန်နှင့် ဆီကုန်သည်အသင်း၊ ပုဂ္ဂလိကအလှူရှင်များက အလှူတော်ငွေကျပ် ၁၅၂သိန်းကို စုပေါင်းလှူဒါန်းခဲ့ကြောင်း သိရသည်။ **(ကဆ)**

# သုတေသနစာတမ်းဖတ်ပွဲနှင့် ရွှေတံဆိပ်ဆုဆက်ကပ်ပွဲ

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)သည် သံဃာတော် ၃၇၈ ပါးကျော် သီတင်းသုံးလျက် ပရိယတ္တိပညာသင်ကြားနေသော အဓိပတိ နေရာကြီးတစ်ခုဖြစ်ပါသည်။ ထိုသာသနာ့တက္ကသိုလ်ကြီးသည် ၂၁-၈-၁၉၈၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ နှစ်ပေါင်း ၃၈ နှစ်ရှိပြီဖြစ်ပေသည်။ တက္ကသိုလ်နှင့် သုတေသန၊ တက္ကသိုလ်နှင့်စာတမ်းဖတ်ပွဲဆိုသည်မှာ အမြဲရှင်သန်နေရမည့် လုပ်ငန်းစဉ်ကြီးတစ်ခုဖြစ်သည်ဟူသော ဆိုရိုးနှင့်အညီ ၂၈-၇-၂၀၂၄ ရက်တွင် တက္ကသိုလ်ရှိ ဌာန ၉ခုမှ သုတေသနစာတမ်းကိုးခု တင်သွင်းဖတ်ကြားခြင်းကို နံနက်ပိုင်းတွင် စာတမ်း သုံးခု၊ နေ့ခင်းပိုင်းတွင် ခြောက်ခု ဖတ်ကြားဆောင်ရွက်ခဲ့ကြပါသည်။ နံနက် ၇နာရီခွဲတွင် နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ အခမ်းအနားဖွင့်လှစ်ပြီး ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တကေသရ(အဂ္ဂမဟာ ပဏ္ဍိတ)က ဤစာတမ်းဖတ်ပွဲကို တက္ကသိုလ်၏ ပညာအရည်အသွေးနှင့် ဂုဏ်သိက္ခာမြင့်မားလာအောင် ဆောင်ကြဉ်းပေးနိုင်သော စာတမ်းဖတ်ပွဲ ဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ဩဝါဒကထာချီးမြှင့်တော်မူပါသည်။ ထို့နောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး ဦးဝင်းသိန်းထွန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ပါမောက္ခချုပ်ဆရာတော် အမှူးပြုသော ပါမောက္ခ ဌာနမှူး ဆရာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပါသည်။

တက္ကသိုလ်မော်ကွန်းထိန်းဌာနက ရွှေတံဆိပ်ဆုရှင် ရွေးချယ်ရေးအမိန့်စာကို အခမ်းအနားမှူးက ဖတ်ကြားကြေညာပြီး ရွှေတံဆိပ်ဆုရှင်ကို အောင်ပလ္လင်သို့ ပင့်ဆောင်၍ ထေရုပ္ပတ္တိကထာကို ဖတ်ကြားပါသည်။ ၁၃၈၀-၈၁(၂၀၁၈-၂၀၁၉) ပညာသင်နှစ်မှ ၁၃၈၄-၈၅ (၂၀၂၂-၂၀၂၃) ပညာသင်နှစ်အထိ ဤသာသနာ့တက္ကသိုလ်တွင် လေးနှစ်ဆက်တိုက် ပထမဆုရရှိသော ရွှေတံဆိပ်ဆုရှင် အရှင်ကဝိန္ဒ (တန့်ဆည်)ကို ၁၃၅၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ရက် ၁၅-၈-၁၉၉၈ တနင်္လာနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ရွှေကျင်ကျေးရွာ၌ ခမည်းတော် ဦးကျော်သောင်း၊ မယ်တော် ဒေါ်မိရီတို့မှ ဖွားမြင်ခဲ့ပြီး ငယ်မည်မှာ မောင်ဝေမျှဇော်ဖြစ်သည်။ တန့်ဆည်မြို့နယ်၊ သစ္စေးကုန်းရွာတွင် အခြေခံပညာတတိယတန်းအထိ သင်ယူခဲ့ပြီး သက်တော် ၁၁ နှစ်တွင် သစ္စေးကုန်းတောင်ရွာ မင်္ဂလာကျောင်းဆရာတော် ဘဒ္ဒန္တတေဇာစာရအား ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ် ရောက်ရှိခဲ့ သည်။ ၂၅-၄-၂၀၁၈ ရက်တွင် ချမ်းမြသာစည် မြို့နယ်၊ ချမ်းတောင်ရပ်ကွက်နေ ဦးတင်မောင် + ဒေါ်ခင်မြမြ၊ Dr. သိန်းထွန်းအောင် + Dr. ဒေါ်စန္ဒီမောင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ချမ်းမြသာစည်ကျောင်းဆရာတော် ဘဒ္ဒန္တမုနိကကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

မန္တလေးမြို့၊ ချမ်းမြသာစည်ကျောင်း ဆရာတော် ဘဒ္ဒန္တမုနိက အမှူးပြုသော စာချဆရာတော်များထံတွင် ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း စာဝါများသင်ယူခဲ့ပြီး သက်တော် ၁၈ နှစ်တွင် ပထမကြီးတန်းအောင်မြင်သည်။ မဟာဓမ္မိကာရာမတိုက်၊ ဗိုလ်ကျောင်းဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသထံတွင် ဓမ္မာစရိယ စာဝါများကို သင်ယူလေ့လာခဲ့သည်။ ၁၃၈၀ ပြည့်နှစ်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)တွင် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့၍ သာသနတက္ကသီလဓမ္မာစရိယတန်းကို တက်ရောက်သင်ကြားခဲ့ရာ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်များတွင် နှစ်စဉ် 'ပထမ' ရရှိအောင်မြင်ခဲ့သည်။ ယခုအခါ သာသနတက္ကသီလမဟာဓမ္မာစရိယတန်း(ပထမနှစ်)တွင် သုတ္တန္တ ဘာသာရပ် အထူးပြုဖြင့် ပရိယတ္တိစာပေများ ဆည်းပူးလျက်ရှိကြောင်း ကြည်ညိုဖွယ်ဖော်ပြအပ်ပါသည်။

တက္ကသိုလ်စာသင်နှစ် လေးနှစ်ဆက်တိုက် ပထမဆုရရှိသောသက်တော် ၂၆ နှစ်၊ ဝါတော် ၆ ဝါရှိ အရှင်ကဝိန္ဒ(တန့်ဆည်) အရှင်မြတ်ကို မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၈ လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊ စိတ္တရမဟီရပ်နေ ဦးစိုင်းမျိုးထိုက် + ဒေါ်ပုလဲ(ကျော်ပုလဲ)မိသားစုက ရွှေတစ်ကျပ်သား ရွှေတံဆိပ်ကို ဆပ်ကပ်ပါသည်။ အလှူရှင်မိသားစုကို ညွှန်ကြားရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ဂုဏ်ပြုပါသည်။ အလှူရှင်မိသားစုသည် ယခင်နှစ် ကလည်း စာတမ်းဖတ်ပွဲနှင့် ဘွဲ့တံဆိပ်ဆက်ကပ်ပွဲတွင် စုစုပေါင်း ငွေကျပ် သိန်း ၂၁၀ လှူဒါန်းခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်း သိန်း ၆၂၀ ကျော် လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။ ဆက်လက်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်ချအမျှပေးဝေခြင်းကို ဆောင်ရွက်ကြပြီး စာတမ်းဖတ်ခြင်း အစီအစဉ် စတင်ပါသည်။

အရှင်စန္ဒိမာ(နည်းပြ)သုတ္တန္တပိဋကမဟာဌာန စာတမ်းရှင်က ဘုရားရှင်ပထမဆုံး ရာဇဂြိုဟ်ပြည်ခရီးစဉ်အမည်ဖြင့် စာတမ်းအကျဉ်းကို ဖတ်ကြားပါသည်။ စာတမ်းအနှစ်ချုပ်မှာ ဗုဒ္ဓဝံသဋ္ဌကထာ၊ ဇာတကဋ္ဌကထာတို့၌ မဟာသက္ကရာဇ် ၁၀၃ခုနှစ်၊ ပြာသိုလပြည့်နေ့တွင် ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်သို့ ကြွရောက်တော်မူသည်ဟု ဖော်ပြထားသည်ကို စာတမ်းရှင်က ပြာသိုလပြည့်နေ့တွင် ဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ကြွရောက်တော်မူခြင်း ရှိ၊ မရှိ ကျမ်းကိုး(၂၀) ဖော်ပြ၍ လေ့လာတင်ပြထားသည်ကို မှတ်သား ကြည်ညိုရပါသည်။

ဘဒ္ဒန္တဇဋိလ(လက်ထောက်ကထိက) ဗုဒ္ဓဒေသနာပြန့်ပွားရေး ပညာဌာနစာတမ်းရှင်က ညောင်ရမ်းခေတ် သာလွန်မင်းတရားကြီးလက်ထက် သာသနာရေးအခြေအနေများကို လေ့လာခြင်းဟူသော အမည်ဖြင့် စာတမ်းအကျဉ်းကို ဖတ်ကြားတင်သွင်းပါသည်။ ညောင်ရမ်းခေတ်မင်းဆက်(၁၁)ဆက်တွင် စတုတ္ထမြောက်မင်းဖြစ်သော သတိုးသုဓမ္မရာဇာဘုရင်ကို သာလွန်မင်းဟု နောက်လူများက ခေါ်ဆိုကြပုံနှင့် စစ်ကိုင်းမြို့ရာဇမဏိစူဠာကောင်းမှုတော် စေတီတော်ကြီးတည်ထားခြင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝနှင့် တံတားဦးတို့တွင် ကျောင်းများဆောက်လုပ်ခြင်း၊ စေတီပုထိုးများ ထီးတော်တင်လှူခြင်းနှင့် ပရိယတ္တိသာသနာအတွက် အားပေးချီးမြှောက်ခဲ့ပုံများ တင်ပြထားသည်ကို ကြည်ညိုမှတ်သားထားရပါသည်။




ဒေါက်တာ ဘဒ္ဒန္တ ဉာဏိန္ဒာ ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာနစာတမ်းရှင်က မရမ္မရဋ္ဌကထွေရေဟိကတာပါဠိဂန္ထာအမည်ရှိ စာတမ်းကို ပါဠိဘာသာဖြင့် ဖတ်ကြားတင်သွင်းပြီး စာသင်သား သံဃာတော်များကလည်း သိရှိလိုသည်များကို ပါဠိဘာသာဖြင့်ပင် မေးမြန်းကြသည်ကို ကြည်ညိုရပါသည်။ နံနက်ပိုင်း အစီအစဉ်များရပ်နားပြီး နံနက် ၁၀နာရီခွဲတွင် နေ့ဆွမ်းဆက်ကပ်၍ ဧည့်ပရိသတ်များကိုလည်း နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးပါသည်။

နေ့လယ်ပိုင်းအစီအစဉ်ကို မွန်းလွဲ ၁နာရီတွင် ပြန်လည်စတင်ပါသည်။ ဘဒ္ဒန္တကေသရ(ကထိက) ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန စာတမ်းရှင်က The Buddha's personal Welcomes; Spiritnal Jouneys of Thera Mahakassapa and Thera Mahakappina အမည်ရှိစာတမ်းကို အင်္ဂလိပ်ဘာသာဖြင့် ဖတ်ကြားတင်သွင်းသွားပြီး တက်ရောက်လာသည့် စာသင်သံဃာတော်များကလည်း အင်္ဂလိပ်ဘာသာဖြင့် မေးမြန်းကြသည်ကို ကြည်ညိုဖွယ်ရာ တွေ့ရှိရပါသည်။

ဘဒ္ဒန္တဝိစိတ္တ(ဌာနစုမှူး) ပိဋကတ်တိုက်ဌာန စာတမ်းရှင်က တက္ကသိုလ်နှင့် စာကြည့်တိုက်အမည်ဖြင့် စာတမ်းအကျဉ်း ဖတ်ကြားတင်သွင်းပါသည်။ တက္ကသိုလ်တွင် စာကြည့်တိုက် အရေးကြီးပုံနှင့် စာကြည့်တိုက်၏ ကျေးဇူးများ၊ စာကြည့်တိုက်သမိုင်း၊ စာကြည့်တိုက်လုပ်ငန်းများအကြောင်း မှတ်သားဖွယ်ရာ သုတေသနပြု ဖတ်ကြားသွားပါသည်။

ဘဒ္ဒန္တနာဂသေန (လက်ထောက်ကထိက) အဘိဓမ္မပိဋကမဟာဌာနစာတမ်းရှင်က ဂေါတြဘူပုဂ္ဂိုလ်ကို လေ့လာခြင်းဟူသော စာတမ်းကို အဘိဓမ္မာသဘောတရားများဖြင့် ကျမ်းစာ(၉)ခု မှီငြမ်းကိုးကားလျက် ဂေါတြဘူပုဂ္ဂိုလ်သည် ပုထုဇဉ်လည်း မဟုတ်၊ အရိယာလည်းမဟုတ်သော နေဝပုထုဇ္ဇန နာရိယပုဂ္ဂိုလ်ဟု ဆိုရန်ရှိပါကြောင်း သုတေသနပြု ဖတ်ကြားတင်ပြသွားပါသည်။ ဘဒ္ဒန္တကေသဝ (ဌာနစုမှူး)သုတေသနဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန စာတမ်းရှင်က ကျေနှင့်ကြေ ဝေါဟာရ အသုံးတို့ကို နှိုင်းယှဉ်လေ့လာခြင်းဟူသော စာတမ်းအမည်ဖြင့် ကျမ်းကိုး (၁၂)ခု မှီငြမ်း၍ သုတေသနပြု တင်သွင်းသည်မှာလည်း အလွန်မှတ်သား ဗဟုသုတရရှိပါသည်။

ဘဒ္ဒန္တကဝိန္ဒ(နည်းပြ) ဝိနယပိဋကမဟာဌာန စာတမ်းရှင်က လူ့သီလနှင့် သီလရှင်သီလကို နှိုင်းယှဉ်လေ့လာခြင်းဟူသော စာတမ်းအမည်ဖြင့် ဖတ်ကြားတင်သွင်းသွားပါသည်။ စာတမ်းတွင် လူယောကျ်ားများ၊ သီလရှင်များကို ရှိခိုးသင့်၊ မသင့်ဟူသော ပြဿနာကို ကျမ်းကိုး(၈)ခုဖြင့် ဖြေရှင်းထားကြောင်း မှတ်သားရပါသည်။ သာသနာ့နွယ်ဝင်သီလရှင်များသည် သီလ၊ သမာဓိ၊ ပညာဟု ဆိုအပ်သော သိက္ခာသုံးဖြာ သာသနာ၌ နိဗ္ဗာန်ပြဟ္မစာရိနီ ပုဂ္ဂိုလ်များဖြစ်သောကြောင့် တစ်နည်းအားဖြင့် လူပုဂ္ဂိုလ်များ၏ သီလဂုဏ်ထက်၊ သီလရှင်များ၏ သီလဂုဏ်က အထူးသဖြင့် ပို၍မြင့်မြတ်သောကြောင့် ရှိခိုးထိုက်သည်ဟု ဖတ်ကြားသွားသည်ကို မှတ်သားကြည်ညိုရပါသည်။

ဘဒ္ဒန္တကုမာရ(ဌာနစုမှူး) သုတေသနဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန စာတမ်းရှင်က တက္ကသိုလ်နှင့် သုတေသနလုပ်ငန်းများအကြောင်း စာတမ်းအမည်ဖြင့် သုတေသနလုပ်ငန်းအရေးကြီးပုံ၊ သုတေသနလုပ်ငန်းများသည် တက္ကသိုလ်၏ အဆင့်အတန်း၊ တက္ကသိုလ်၏ ဂုဏ်သိက္ခာကို လှန်စွာအရေးပါဖော်ညွှန်းနေကြောင်း အကျယ်တဝင့် ရေးသားတင်သွင်းသွားသည်ကို မှတ်သားရပါသည်။

ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် (သင်ကြားစီမံ)နှင့် မော်ကွန်းထိန်းဆရာတော်တို့က စာတမ်းရှင် ကိုးပါးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ပါသည်။ နှစ်ဖက်မိဘများဖြစ်ကြသော ဦးကျင်မောင်+ဒေါ်သိန်းခင်၊ (ဦးသိုက်စံ)+ဒေါ်ဝင်းရီ တို့အား ရည်စူးအမှူးထား၍ ဦးစိုင်းမျိုးထိုက်+ ဒေါ်ပုလဲ (ကျော်ပုလဲ) မိသားစုက ပါမောက္ခချုပ် အမှူးပြုသော ဆရာတော်ကြီး (၃၁)ပါးတို့အား နဝကမ္မ နှစ်သိန်းကျပ်စီနှင့် တက်ရောက်လာသည့် စာသင်သံဃာတော် ၃၅၅ ပါးတို့အား နဝကမ္မ တစ်သိန်းစီကိုလည်းကောင်း၊ ကိုသန်းဝင်း+မနန်းအွန်ဆိုင်(သိင်္ဂီ ရတနာစတိုး)မိသားစုတို့မှ သံဃာတော် ၃၈၆ ပါးတို့ကို နဝကမ္မ ငါးထောင်ကျပ်စီကိုလည်းကောင်း၊ ဦးမျိုး + ဒေါ်ချောစု မိသားစုတို့ကလည်း သံဃာတော် ၃၈၆ ပါးတို့ကို နဝကမ္မ ငါးထောင်ကျပ်စီ အသီးသီးဆက်ကပ်လှူဒါန်းပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းခဲ့ပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ခင်မောင်ဝင်း(သာသနာရေး)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Lion ရုပ်ရှင်တွင် Nicole Kidman ပါဝင်ထားပြီး Oscar ဆု ခြောက်ဆုဆန်ခါတင်ဝင်ခဲ့



ဖြစ်ရပ်မှန်ကို အခြေခံရိုက်ကူးထားသည့် Lionရုပ်ရှင်မှာ မိသားစု၏ နွေးထွေးသောမေတ္တာအကြောင်း ရိုက်ကူးတင်ပြထားကာ Nicole Kidman ပါဝင်ထားပြီး အော်စကာဆန်ခါတင် ခြောက်ဆုဝင်ခဲ့သည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ ဆင်ခြေဖုံးရပ်ကွက်မှ မိသားစုတစ်စုတွင် မိခင်က ကျောက်သယ်၍ ညီအစ်ကိုနှစ်ဦးကျောက်မီးသွေးခဲ ခိုးရောင်းသော အလုပ်လုပ်ရာမှ ညပိုင်းရထားပေါ်တွင်ပါသွားပြီး အိန္ဒိယအရှေ့ပိုင်းကာလကတ္တားသို့ ရောက်ရှိခဲ့သည်။

ကလေးဖမ်းအဖွဲ့နှင့်တွေ့ပြီးပြေးခဲ့ရာမှ မိဘမဲ့ဂေဟာပို့ခံရကာ သြစတြေးလျလူမျိုး လင်မယား၏ မွေးစားခံရကာ နှစ်ပေါင်းနှစ်ဆယ်ကြာမှ မဲလ်ဘုန်းလ်မြို့တွင် ဟိုတယ်သင်တန်းတက်ရင်း သူ့ဘဝအကြောင်းပြောပြ၍ Google Earth ကို သုံး၍ မိသားစုရှာပုံ တော် ဖွင့်ခဲ့ပုံဖြစ်သည်။

ဒါရိုက်တာဂတ်သ်ဒေ့စ်၏ ပထမဆုံးလက်ရာဖြစ်ပြီး ကလေး သရုပ်ဆောင် ဆန်နီပါဝါ၊ နစ်ကိုးလ် ကစ်မင်း၊ ရိုနီမာယာနှင့်ဒေစ်ပါတယ် အထူးပါဝင်သရုပ် ဆောင်ထားသည်။ SKY

## Jaideep Ahlawat ကို Maharaj ရုပ်ရှင်တွင် ဗီလိန်ဇာတ်ရုပ်နှင့် မြင်တွေ့ရ

လက်ရှိအောင်မြင်မှု ရရှိထားသည့် Maharaj ရုပ်ရှင်တွင်



ဒါရိုက်တာ ဆစ်ဟတ်ပီမာဟိုထရာက ဗီလိန်ဇာတ်ရုပ်နေရာတွင် အာဖန်ခန်ကို လျာထားခဲ့သော်လည်း ကွယ်လွန်သွား၍ ဂျာဒိပ်အာရ်ဝပ်ကို ကမ်းလှမ်းခဲ့ရာမှ လက်ခံရိုက်ကူးခဲ့ခြင်းဖြစ်သည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်မှာ ကိုလိုနီခေတ်ကာလ အိန္ဒိယ၌ ဖြစ်ရပ်မှန်ကို ဇာတ်အိမ်တည် ဖန်တီးထားပြီး ဗီလိန်ဇာတ်ရုပ်နေရာအတွက် အာဖန်ခန်ကို လျာထားရာမှ ကွယ်လွန်သွားခဲ့၍ ဂျာဒိပ်အာရ်ဝပ်ကို ကမ်းလှမ်းခဲ့ရာမှ လက်ခံခဲ့ပြီး ဇာတ်ရုပ်ကို ပီပြင်စွာ သရုပ်ဖော်နိုင်ခဲ့သည်။

မင်းသား အမီရ်ခန်၏သား ဂျူနစ်ခန်နှင့် နာမည်ကျော် ဘောလိဝုဒ်မင်းသား ဂျာဒိပ်အာရ်ဝပ်တို့ အဓိက ပါဝင်သရုပ်ဆောင်ထားရာ လက်ရှိအောင်မြင်မှု ရရှိထားသည်။

SKY

## Rose က ထူးခြားသောအမြင့်သံနှင့် ဂီတ စွမ်းရည်ကို ပိုင်ဆိုင်ထား

ဘလက်ပင့်ခ်အဖွဲ့ဝင်ဟောင်း ရိုစ့်သည် အဖွဲ့တွင် ဂ္ဂဏ္ဍ်အရဆုံးနှင့် အရှက်တတ်ဆုံးဖြစ်ပြီး ထူးခြားသော အမြင့်အသံနှင့် ဂီတစွမ်းရည်ကို ပိုင်ဆိုင်ထားသည်ဟု အောကေပေ့ါပ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရိုစ့်ကို စပျစ်သီးမလေးဟု သတ်မှတ်ခံရကာ ပျော်ပျော်နေတတ်ပြီး ဖျတ်လတ်တက်ကြွ၍ အဖွဲ့၏ခွန်အားလည်းဖြစ်ခဲ့ရာ သူ့အသံမှာ ထူးခြားမှုရှိပြီး နတ်သမီးအသံကဲ့သို့ ဂီတအမျိုးအစားပေါင်းစုံကို အမြင့်အသံနှင့် သီဆိုနိုင်သည်ကို Masked Singer ပွဲတွင် တွေ့ခဲ့ကြရ သည်။

ရိုစ့်က ဂီတာကို ကျွမ်းကျင်စွာတီးခတ်နိုင်ကာ သူ့၏ဂီတစွမ်းရည်ကို 10cmနှင့် Collaboarte လုပ်၍ ဂီတပွဲတစ်ခုတွင် ပြသခဲ့သည်။

ရေဒီယိုစတားတွင် ပါးစပ်ပိတ်၍ စကားပြောနိုင်သူအဖြစ်လည်း မြင်တွေ့ရ၍ ပရိသတ်က မနှင်းဆီ @ Rose ကို အချစ်ပိုခဲ့ကြသည်။

SKY



## Liu Yi Fei ၏ The Tale of Rose ဇူလိုင်လအတွင်း ကြည့်ရှုနှုန်းမြင့်မားသောစာရင်းဝင်ဖြစ်

၂၀၂၄ခုနှစ် ဇူလိုင်လအထိ Little Red Book ဒရမ်မာစာရင်းတွင် ကြည့်ရှုနှုန်းမြင့်မားသော ဇာတ်ကားများစာရင်းကို ထုတ်ပြန်ထားရာ လျူရီဖိန်း၏ The Tale of Rose ထိပ်ဆုံးနေရာရခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဆိုပါဇာတ်ကားများစာရင်းတွင် လျူရီဖိန်း ၊ တန်ဒါဝမ်တို့ အဓိက ပါဝင်သည့် The Tale of Rose၊ ဝူကျင်ယန်နှင့် လီကျင်တို့၏ Joy of life 2၊ ကျန်လီယင်း နှင့် လင်ဂေါင်ရှင်း ၏ The Legend of Shenli တို့ထိပ်ဆုံးစာရင်းဝင်ခဲ့ကြသည်။

SKY

## Park Bo-young က Daily Dose of Sunshine နှင့် Blue Dragon Series Awards ဆုရ

ကိုရီးယားအနုပညာ ထူးချွန်ဆုပေးပွဲ Blue Dragon Series Awardsပွဲတွင် ဆုရရှိသည့် အနုပညာရှင်များတွင် ပတ်ဘိုယောင်းလည်းပါဝင်ခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဆုပေးပွဲတွင် သရုပ်ဆောင်ပိုင်း အဓိကဆုပေးပွဲကြီး သုံးခုအနက် ဂရင်းဘဲလ်၊ ဘလူးဒရယ်ဂွန်နှင့် ဘိတ်ဆန်းဆုဟူ၍ သုံးခုရှိရာ ၂၀၂၂ခုနှစ်မှစ၍ ရုပ်ရှင်သာမက ဇာတ်လမ်းတွဲများကိုလည်း ဆုပေးခဲ့ကြရာ အဆိုတော်မှ သရုပ်ဆောင်ကူးလာသည့် အမ်ဆီဝမ်က အကောင်းဆုံး မင်းသားဆုနှင့် Boyhood ပတ်ဘိုယောင်းက Daily Dose of Sunsahine နှင့် အကောင်းဆုံး မင်းသမီးဆု ရရှိခဲ့ကြသည်။

အကောင်းဆုံးဖျော်ဖြေရေးဆုကို ရှင်ဒေါင်ယွတ်နှင့် ကျောင်ဒိုယွမ်၊ မျက်နှာသစ်သရုပ်ဆောင်ဆုကို ဂိုယွန်ကျောင်းနှင့် လီဟန်ဟွာ၊ ဇာတ်ပို့ဆုကို ဥမ်ဟွမ်နာနှင့် အန်ကျောင်ဟာန်၊ ကျော်ကြားမှုဆုကို ချိုင်ဗူဆစ် စသည့် အနုပညာရှင်များစွာ ရရှိခဲ့ကြသည်။ SKY

## ဦးနှောက်နှင့် မှတ်ဉာဏ်ချွတ်ယွင်းမှု မပြင်းထန်အောင် ငါးကြီးဆီဆေးသောက်ပြီး ကြိုတင်ကာကွယ်နိုင်မည်



လူအများစုအနေဖြင့် အသက်ကြီးလာပြီး ဇရာဒဏ်ခံစားရလျှင် ဦးနှောက်စွမ်းဆောင်ရည်ကျဆင်းကာ မှတ်ဉာဏ်လည်း ထိခိုက်ချွတ်ယွင်းလာတတ်သည်။

ထိုဖြစ်စဉ်ကို ကျန်းမာရေးလိုက်စားကာ ထိန်းထားနိုင်သော်လည်း အမှုမဲ့အမှတ်မဲ့နေသူများမှာမူ အိုမင်းလာသောအခါ အယ်လ်ဇိုင်းမားခေါ် မှတ်ဉာဏ်အလွန်အမင်း ချွတ်ယွင်းသောရောဂါခံစားရသည်။ ငါးကြီးဆီဆေးဝါး၏ မှတ်ဉာဏ်ချွတ်ယွင်းမှုအပေါ် အကျိုးသက်ရောက်ပုံအကြောင်း အမေရိကန်ပြည်ထောင်စု အော်ရီဂွန်ကျန်းမာရေးနှင့် သိပ္ပံတက္ကသိုလ် အာရုံကြောဗေဒဌာနမှ ပါမောက္ခလင်းရှင်တို့ ဦးဆောင်သော သုတေသီများ မကြာသေးမီက စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ ဦးနှောက်နှင့်မှတ်ဉာဏ် ချွတ်ယွင်းမှု မပြင်းထန်အောင် ငါးကြီးဆီဆေးသောက်ပြီး ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။ Mon



## Jimin ၏ The Tonight Show အတွက် စွန်ပ့ပ်စ်အဆောက်အအုံကို အသုံးပြုထား

ပတ်ဂျီမင်သည် ဘီတီအက်စ်အဖွဲ့ဝင် ပင်တိုင်အက တာဝန်ယူထားကာ The Tonight Show အတွက် who ၏ ပါဖောမင့်ကို Chugju Suanbo Waikiki Resort ရှိ စွန့်ပစ်အဆောက်အအုံကို အသုံးပြုရိုက်ကူးခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အဆောက်အအုံမှာ Suanbo Waikikiမှ Suanbo ရှိ နာမည်ကြီးရေပူစမ်း အပန်းဖြေစခန်းတစ်ခုဖြစ်ခဲ့ပြီး ငွေကြေးပြဿနာများကြောင့် ၂၀၀၂ခုနှစ်မှစ၍ လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းထားသည်။

ဂျီမင်သည် အိုင်ဒီယာကောင်းများနှင့် ၂၀၀၂ခုနှစ်ထဲမှ လူမသိသူမသိ စွန့်ပစ်ခံခဲ့ရသည့် အဆောက်အအုံအပျက်ကြီးကို ၂၂နှစ်ကြာမှ အသက်ပြန်သွင်းခဲ့ကာ ၂၀၂၃ခုနှစ် ဂျပန်ခရီးစဉ်မှအပြန် ရှစ်လကြာ ကြိုတင်ပြင်ဆင်ခဲ့ပြီး ဂျင်မီဖောလန်နှင့်အတူ ရိုက်ကူးသိမ်းဆည်း၍ ၂၀၂၄ခုနှစ်မှ ပရိသတ်ကို အလွမ်းပြေချပြခဲ့ခြင်း ဖြစ်သည်။

SKY





# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေထံ UNOPS ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်က ၎င်း၏ခန့်အပ်လွှာ ပေးအပ်

နေပြည်တော် ဩဂုတ် ၆

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services-UNOPS) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး (Country Director) နှင့် ကိုယ်စားလှယ် (Representative) အသစ် Ms. Sara Austin Netzer က ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံ၍ ၎င်း၏ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

ခန့်အပ်လွှာပေးအပ်သည့် အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Mongkol Visitstump အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

မေးမြန်းဆွေးနွေး

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများ၊ နိုင်ငံရေးပါတီများနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုများ၊ ရွေးကောက်ပွဲကျင်းပနိုင်ရေး ထိုင်းနိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှု၊ နိုင်ငံရေးပါတီများ တည်ထောင်ခွင့်၊ မှတ်ပုံတင်ခွင့်များ ခွင့်ပြုလျက်ရှိသည့် အခြေအနေနှင့် စိစစ်ဆောင်ရွက်နေသည့်အခြေအနေ၊ မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်နေမှုများ၊ မြန်မာ အီလက်ထရွန်နစ်မဲပေးစက်ဖြင့် မဲပေးနိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့သို့ ထွက်ခွာ

နေပြည်တော် ဩဂုတ် ၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၈ ရက်မှ ၁၀ ရက်အထိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပမည့် (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေး ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကအဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည်။



အဆိုပါ (၁၆)ကြိမ်မြောက်အာဆီယံကျန်းမာရေး ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေး၏ အလှည့်ကျ ဥက္ကဋ္ဌဖြစ်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး ဩဂုတ် ၈ ရက်တွင် (၁၆)ကြိမ်မြောက် အာဆီယံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် လုပ်ငန်းသုံးသပ်ခြင်း အစည်းအဝေးနှင့် အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆုပေးပွဲ အခမ်းအနားများကိုလည်းကောင်း၊ ဩဂုတ် ၉ ရက်တွင် (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ အစည်းအဝေးများဖြစ်သော (၂)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ကျန်းမာရေးဝန်ကြီးများအစည်းအဝေး၊ (၁၀)ကြိမ်မြောက် အာဆီယံ+၃ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး၊ (၉)ကြိမ်မြောက် အာဆီယံ-တရုတ် ကျန်းမာရေးဝန်ကြီးများအစည်းအဝေး နှင့် အာဆီယံ-အမေရိကန် ကျန်းမာရေးဝန်ကြီးများ အထူးအစည်းအဝေး များကိုလည်းကောင်း တက်ရောက်မည်ဖြစ်ပြီး အဆိုပါအစည်းအဝေးများတွင် အာဆီယံဒေသတွင်းနိုင်ငံများ ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အာဆီယံ ၂၀၂၅ အလွန် ကျန်းမာရေးဦးစားပေးကဏ္ဍရပ်များ သတ်မှတ်ခြင်း၊ ကမ္ဘာ့ကပ်ရောဂါအလွန် ကျန်းမာရေးစနစ် စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေခြင်း၊ ကျန်းမာရေးကဏ္ဍတွင် Digital နည်းပညာအား တိုးမြှင့်အသုံးပြုခြင်း အစရှိသောခေါင်းစဉ်များဖြင့် ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အမေရိကန်တို့ ဂျာမနီကို အချိန်ပိုသွင်းဂိုးဖြင့် အနိုင်ယူပြီး ဗိုလ်လုပွဲတက်ရောက်

ပါရီ ဩဂုတ် ၆

၂၀၂၄ ပါရီအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၀နာရီ ၃၀မိနစ်အချိန်က အမေရိကန်အသင်းနှင့် ဂျာမနီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမေရိကန်အသင်းက ဂျာမနီအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရယူပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့သည်။

အမေရိကန်အသင်းနှင့် ဂျာမနီအသင်းတို့သည် မိနစ် ၉၀အထိ တစ်ဖက်နှင့်တစ်ဖက်ဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အချိန်ပိုတွင် အမေရိကန်အသင်းက အဖိုးတန်သွင်းဂိုးတစ်ဂိုးရယူပြီး ဂျာမနီအသင်းအား အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်အသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၉၅မိနစ်တွင် ဆိုဖီယာစမစ်က သွင်းယူပေးခဲ့သည်။

(NGB)

